မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၂၂)

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးမှာ ကန့်ဘလူမြို့ အမှတ် (၃) ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် မြို့ရှောင်လမ်းထောင့်၌ တည်ရှိပြီး ဆေးရုံရေိယာမှာ ၂၈ဧက ကျယ်ဝန်းသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံသစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံသစ်ဖွင့်ပွဲ တက်ရောက်ချီးမြှင့် မျက်စိကုသရန် ရောက်ရှိနေကြသည့် ဝေဒနာရှင်များအား တွေ့ဆုံအားပေးစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံသစ်ကို ဝေဟင်မှ တွေ့ရစဉ်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၀ ရက်)

အားကစား အဆင့်အတန်းမြင့်မားရေး ကြိုးပမ်းအားထုတ်

ယနေ့လူငယ်များသည် အနာဂတ်၏ မျိုးဆက်သစ်များဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်ခရီးအတွက် ကျန်းမာ ကြံ့ခိုင်ရန် လိုအပ်သည်။ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်ရေးအတွက် မြန်မာ့အားကစား အဆင့်အတန်းမြင့်မားရေး ကြိုးပမ်းကြရမည် ဖြစ်သည်။

အားကစား မြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်သည်။ ဉာဏ်ရည်မြင့်မားသော လူငယ်လူရွယ်များ အားကစားလောကတွင် ပါဝင်ယှဉ်ပြိုင်လာခြင်းဖြင့် အားကစားကဏ္ဍ ပိုမိုတိုးတက်အောင်မြင်လာပြီး ကျန်းမာကြံ့ခိုင်သူများ ပိုမိုပေါ်ထွက်လာကာ နိုင်ငံအကျိုး ပိုမို သယ်ပိုးနိုင်ကြမည်ဖြစ်သည်။

အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်။ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်လာရန်အတွက် ယနေ့လူငယ်များကို စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိရာ လူငယ်လူရွယ်များသည် အားကစားစိတ်ဓာတ်ထားရှိပြီး ထူးချွန်ထက်မြက်သော လူငယ်အားကစားသမားဖြစ်ရန် ကြိုးစားကြရမည်ဖြစ်သည်။

နိုင်ငံတော်မှထူးချွန်သော လူငယ်လူရွယ် အားကစားသမားများကို အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တို့မှ ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိသည်။

လူငယ်လူရွယ် အားကစားသမားများကို ပြိုင်ပွဲများကျင်းပ ပြုလုပ်ပေးခြင်းသည် ရွက်ပုန်းသီး အားကစားသမားများကို ဖော်ထုတ်ပေးရာ ရောက်ပေသည်။ လူငယ်များ၏ သဘာဝသည် စူးစမ်းလိုစိတ်၊ လေ့လာလိုစိတ်၊ ကိုယ်တိုင်ပါဝင်လိုသောစိတ်များရှိကြရာ အဆိုပါ စိတ်များကို အားကစားကဏ္ဍ လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိရန်အတွက် ပျိုးထောင် မြှင့်တင်ပေးကြရမည်ဖြစ်သည်။

အားကစားပြုလုပ်ခြင်းသည် အချင်းချင်း နားလည်မှုရှိခြင်း၊ စည်းလုံးခြင်း၊ နွေးထွေးမှုရှိခြင်း၊ စိတ်ပျော်ရွှင်မှုကိုရခြင်း၊ အချင်းချင်း ညှာတာထောက်ထားမှုရှိခြင်း စသည့်အကျိုးကျေးဇူးများကိုရရှိစေပြီး အမောခံနိုင်ခြင်း၊ ခန္ဓာကိုယ် ကြံ့ခိုင်ခြင်း၊ ကျန်းမာပျော်ရွှင်ခြင်းစသော လူမှုဘဝ ကောင်းကျိုးရလဒ်များကို ခံစားရရှိစေသည်။

သို့ဖြစ်ရာ အားကစားတိုးတက်မြင့်မားရေးအတွက်သာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူပြုလျက်ရှိသည့် အားကစားကဏ္ဍကို အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အမျိုးသားရေးခံယူချက်ဖြင့် ကြိုးပမ်းအားထုတ်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

၃၁-၁-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(အင်္ဂုလိမာလသုတ်+ ဗောဇ္ဈင်္ဂသုတ်)**
မဓမ္မပူဇာတေးပဒေသာ
၇း၂၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်း
တေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
ဆောင်းပါး
၈း၁၀ နံနက်ခင်း
တေးပဒေသာ
၉း၃၀ ဘဝအသွင်ကဗျာ့အမြင် **(ခရီးသည်)**
တေးပဒေသာ
၉း၄၅ ဘဝတစ်ကွေ့ အတွေ့အကြုံ **(သြော်…အချစ်)**
၁၀း၀၀ မင်္ဂလာလက်ဆောင်
၁၀း၂၅ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ **(နှလုံးရောဂါမဖြစ်အောင် ဆင်ခြင်ရမည့် အချက်များ)**
သတင်းစာအာဘော်
၁၀း၄၀ တေးစီးရီး (မင်္ဂလာရှိသောအချိန် -လွင်ဥက္ကာ)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၆၅)
၁၂း၀၀ စံတော်ချိန်
ကလေးအစီအစဉ်(ကလေးများအတွက်တေးသီချင်း- စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်)
၁၂း၁၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ
၁။ ရက်သတ္တပတ်ကိုရီးယား (နောင်စစ်သည်)
၂။ ကမ္ဘာကျော် ရာဇဝတ်မှုကြီးများ (မောင်သိန်းလွင်)
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ သိလိုသမျှမေး ကျန်းမာရေး
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၃၅ တို့ပြန်ဖြေကြား အနုပညာရှင်များ (မယ်လိုဒီ)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူ့ရွေးသီ တေးပန်းချီ
၁၈း၃၀ သုတစုံကြွယ်သိစေဖွယ် ကမ္ဘာ့ထူးခြား မှတ်တမ်းများ (အပိုင်း-၂)
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (ရဝေအောင်) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၅ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်
၂၀း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဖြူသီ)
စီးပွားရေးဦးတည်ချက်
၂၀း၄၀ လယ်ယာစီးပွား (ကိုယ်တိုင်စိုက်ပါ အာလူးကမ္ဘာ)
၂၀း၅၀ တေးပဒေသာ
လူမှုရေးဦးတည်ချက်
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၁၅ ညချမ်းချိန်ခါ တေးပဒေသာ
၂၁း၃၀ ခေတ်မရွေးသောတေး
၂၂း၀၀ အစီအစဉ်ပြီး၏။

နန်းယွန်းအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း
အိပ်ဆောင်သစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့နှင့်အတူ ဇန်နဝါရီ ၁၄ ရက်က စစ်ကိုင်းတိုင်း ခန္တီးခရိုင် နန်းယွန်းမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း၌ ကျင်းပသည့် သင်တန်းသူ အိပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်လှစ်ပေး

သင်တန်းသူ အိပ်ဆောင်သစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၏ဇနီးက အိပ်ဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး၏ဇနီးက သင်တန်းကျောင်း စားရိပ်သာအတွက် အလှူငွေများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။ ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အိပ်ဆောင်သစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နန်းယွန်းမြို့ ပရဟိတကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြရာ ပရဟိတကျောင်းဆောင်သစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကျောင်းသားများအား နှုတ်ဆက်ကာ အလှူငွေများကို ပေးအပ်၍ ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလှူငွေများပေးအပ်

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၇ ရက်က ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ရွှေတွင်းကျေးရွာနှင့် မန်စိမ်းကျေးရွာအကြားရှိ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ပင်ချယ်ပေါင်းစည်းလယ်ယာစိုက်ကွင်းနှင့် စိုက်ကွင်းအတွင်းရှိ ပင်ချယ်တစ်ဖက်ရပ်ဆည်ကို စစ်ဆေးကာ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ အလှူငွေများ ပေးအပ်သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဟုမ္မလင်းမြို့နယ် ရွှေတွင်းအုပ်စု ရွှေဝါမြင့်ကျေးရွာ တွဲဖက်အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးပြီး ဆယ်ဇင်းကျေးရွာ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံများနှင့် တွေ့ဆုံသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် တိုင်းမှူးသည် ရွှေတွင်း-နမ့်တောကားလမ်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းကြောင်းတစ်လျှောက်ရှိ ဆိုင်ကြူကျေးရွာ၊ ဘိုကုန်းကျေးရွာနှင့် နမ့်တောကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရည်ချွန်ဆု

ဇန်နဝါရီ ၂၄ရက်က မင်္ဂလာဒုံမြို့နယ် အမှတ်(၃၃) အခြေခံပညာမူလတန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၌ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မရွှန်းလဲ့ရတနာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လွင်လွင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော ညောင်ပင်ရွာ စက်ရေတွင်းတူးဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မအူပင် နည်းပညာကျောင်းတော်ကြီး စက်မှုလက်မှုသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်
ဆရာ ဆရာမကြီးများအား ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ဧရာဝတီတိုင်း မအူပင်နည်းပညာကျောင်းတော်ကြီး (စက်မှုလက်မှု သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်)၌ ၁၉၉၁ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဌာနပေါင်းစုံမှ ဆရာ ဆရာမကြီးများအား ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် မအူပင်မြို့ရှိ ရွှေဘုန်းမြင့် သာသနာ့ဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ကိုကိုဇော်(2001 EP) ဖုန်း-၀၉-၅၀-၃၃၆၄၅၊ ကိုအုန်းဖေ (91 Civil) ဖုန်း-၀၉-၈၆-၄၁၁၅၄၊ ကိုအောင်ကျော်စွာဝင်း(93 EP)ဖုန်း-၀၉-၅၁-၈၂၃၀၁၊ ကိုချိုလင်း(94 EP)ဖုန်း-၀၉-၅၅-၀၅၆၈၆၊ ကိုသမိန်ထော(94 MP)ဖုန်း-၀၉-၅၁-၁၀၅၀၃၊ ကိုရဲလွင်ဦး(94 MT)ဖုန်း-၀၉-၅၀၃၉၇၊၀၄၅-၃၀၅၅၁၊ ကိုအောင်ကျော်ဦး(ဆရာဘဲဥ 94 MP)ဖုန်း-၀၄၅-၃၀၁၀၅၊ မစုစုလွင်(2000 EC)ဖုန်း-၅၀၁၇၃၃၊ Ext-၂၄၈၊ မဝတ်ရည်တင် (2001 EC)ဖုန်း-၀၉-၈၆-၁၀၂၄၆၊ မောင်အောင်မြင့်မြတ် (2001 Civil) ဖုန်း-၀၉-၅၀-၃၀၂၀၈၊ နေလင်း(2001 MP)ဖုန်း-၀၄၅-၃၀၂၉၅၊ ပေါင်ချိန် (2001 MT)ဖုန်း-၇၀၁၁၃၉၊ မစိုးသီတာ (2001 EV)ဖုန်း-၂၁၁၉၄၉၊ ဖြိုးမင်းအောင်(2003 MC)ဖုန်း-၀၉-၅၀-၂၉၁၀၇၊ ၅၀၂၉၁၀၇ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် ရန်ကုန်မှ လိုက်ပါမည့်သူများအား နံနက် ၇နာရီတွင် ဒဂုံဧရာအဝေးပြေးကွင်း ပန်းတနော်လမ်း အခန်း ၂၆ မြင့်မြတ်ကျော်ကားဂိတ်မှ မအူပင်မြို့သို့ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ကန့်ဘလူမြို့မှ ရွှေဘိုခရိုင် ကျွန်းလှမြို့သို့ ရောက်ရှိသည်။

ကြိုဆို

ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အဖွဲ့ဝင်များသည် ကျွန်းလှမြို့၏ ဖွံ့ဖြိုးစည်ပင်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဒေသခံများနှင့်တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျွန်းလှမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးနိုင်က ကျွန်းလှမြို့နယ်ရှိ လူဦးရေ၊ မြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့မိမြို့ဖ တစ်ဦးက ကျွန်းလှမြို့ ရွှေ့ပြောင်းလာပြီးနောက် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ကျွန်းလှမြို့သစ်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ မြို့နယ်ဖွဲ့စည်းမှု၊ လူဦးရေ၊ စိုက်ပျိုးမှုအနေအထားတို့နှင့် မြို့နယ်၏ လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ကျွန်းလှမြို့နယ်၌ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးထားသည့် အခြေအနေ၊ စိုက်ပျိုးရေ ရရှိရေးအတွက် မင်းမြင့်ချောင်း၊ ကျွန်းပင်လဲချောင်း၊ သိုက်ချောင်း စသည့် ရေအရင်းအမြစ်များနှင့်စပ်လျဉ်း၍ ရှာဖွေစူးစမ်းလေ့လာထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မှာကြားရာတွင် ဒေသခံတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် မိမိတို့ ပြန်လည်ညှိနှိုင်းစိစစ်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျွန်းလှမြို့နယ် အပါအဝင် စစ်ကိုင်းတိုင်းတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ စစ်ကိုင်းတိုင်း၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးပြီး ဒေသဆန် ဖူလုံရုံသာမက ပိုလျှံရေးအတွက် မူးမြစ်ကိုပိတ်၍ သဖန်းဆိပ်ရေလှောင် တမံကြီးကို တည်ဆောက်ပေးခဲ့ကြောင်း။

ယခုအခါ ယင်းရေလှောင်တမံကြီး၏ အကျိုးပြုမှုကြောင့် စစ်ကိုင်းတိုင်းသည် မိမိတိုင်းအတွက် ဆန်ဖူလုံရုံသာမက ဧရာဝတီတိုင်းကဲ့သို့ပင် ဆန်စပါးပိုလျှံပြီး အထက်မြန်မာပြည်၏ စပါးကျီ ဖြစ်နေပြီဖြစ်ကြောင်း၊ ယင်းသို့ တည်ဆောက်ရာ၌ ကျွန်းလှမြို့သစ်ကို သဖန်းဆိပ်ရေလှောင်တမံ ရေဝပ်ဧရိယာမှ လွတ်ကင်းသည့်နေရာသို့ ရွှေ့ပြောင်း တည်ဆောက်ပေးခဲ့ကြောင်း၊ ကျွန်းလှမြို့နယ် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေရရှိပြီး သီးနှံထုတ်လုပ်မှုစွမ်းအား ပိုမိုတိုးတက်ရေးတို့အတွက် မိမိတို့အပိုင်းက ဆက်လက်စောင့်ရှောက် ဝိုင်းဝန်းကူညီသွားမည် ဖြစ်ကြောင်း။

ဝိုင်းဝန်းအားပေးဆောင်ရွက်

နိုင်ငံတော်၏ ကူညီစောင့်ရှောက်မှုအပေါ်အခြေခံ၍ မိမိဒေသဖွံ့ဖြိုးရေး၊ ဒေသတွင်း စီးပွားရေး ပိုမိုခိုင်မာရေးတို့အတွက် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူ အဆင့်ဆင့်ကလည်း ကြိုးစားအားထုတ် လုပ်ကိုင်ကြရန် လိုကြောင်း၊ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် စိုက်ပျိုးမြေ တိုးချဲ့ရန်သာမက သီးနှံတစ်ဧက အထွက်နှုန်း တိုးတက်ရေးကိုလည်း နည်းလမ်းမျိုးစုံရှာကြံ၍ ကြိုးစားလုပ်ကိုင် ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ မိမိဒေသအတွင်း စိုက်ပျိုးဧရိယာဧက၊ သီးနှံ အမျိုးအစားအလိုက် စိုက်ဧကနှင့် အထွက်နှုန်းစသည့် စာရင်းဇယားတို့ကို မှန်မှန်ကန်ကန် သိရှိကြပြီး မည်သို့ ဆက်လက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ကို ကြံစည် စဉ်းစားကြရမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းကမူ လိုအပ်သည်များကို ဖြစ်နိုင်သမျှ အတတ်နိုင်ဆုံး ဝိုင်းဝန်းအားပေး ဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအား ရင်းနှီးစွာ မေးမြန်းနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ကျွန်းလှမြို့ မြို့မရုံးဦးကျောင်းတိုက်ရှိ လေးကျွန်းမာန်အောင် ဗုဒ္ဓဝိဟာရဗိမာန်တော်သို့ သွားရောက်၍ တိုင်းသံဃာ့ဝန်ဆောင် စက်တော်ရာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနရာဓိပတိ အမှူးပြုသော ကျွန်းလှမြို့မှ ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ကျွန်းလှမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် စိုက်ပျိုးရေ တိုးချဲ့ရရှိရေး ဆောင်ရွက်နေမှု အခြေအနေများကို ရဟတ်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဆက်လက်ထွက်ခွာလာကြရာ ညနေပိုင်းတွင် ကန့်ဘလူမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တို့သည် ကျွန်းလှမြို့ရှိ အခြေခံပညာ ကျောင်းများနှင့် ပြည်သူ့ဆေးရုံတို့သို့ သွားရောက်၍ လုပ်ငန်းလိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွန်းလှမြို့ မြို့မရုံးဦးကျောင်းတိုက်ရှိ လေးကျွန်းမာန်အောင် ဗုဒ္ဓဝိဟာရဗိမာန်တော်၌ တိုင်းသံဃာ့ဝန်ဆောင် စက်တော်ရာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနရာဓိပတိ အမှူးပြုသော ကျွန်းလှမြို့မှ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျွန်းလှမြို့သစ်ကို သဖန်းဆိပ် ရေလှောင်တမံ ရေဝပ်ဧရိယာမှ လွတ်ကင်းသည့်နေရာသို့ရွှေ့ပြောင်း တည်ဆောက်ပေးခဲ့ကြောင်း၊ ကျွန်းလှမြို့နယ် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ စိုက်ပျိုးရေရရှိပြီး သီးနှံထုတ်လုပ်မှုစွမ်းအား ပိုမိုတိုးတက်ရေးတို့ အတွက် မိမိတို့အပိုင်းက ဆက်လက် စောင့်ရှောက် ဝိုင်းဝန်းကူညီ သွားမည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ကျွန်းလှမြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မကွေးတိုင်း ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ စည်ပင်သာယာဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ဈေးသန့်ရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးဌေးဝင်းက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တပ်မတော် ဆေးတက္ကသိုလ် ကလေးကျန်းမာပညာဌာန မြန်မာနိုင်ငံဆရာဝန်အသင်းညီလာခံ၌ ဖတ်ကြားဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၉

(၅၆)ကြိမ်မြောက် ဆရာဝန်ညီလာခံကို ဇန်နဝါရီ ၂၀ရက်မှ ၂၆ရက်အထိ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပခဲ့သည်။

ဆွေးနွေးခဲ့

ယင်းမြန်မာနိုင်ငံဆရာဝန်ညီလာခံတွင် မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်အသီးသီးမှ ဘာသာရပ်အသီးသီး၏ ဆေးပညာစာတမ်းများ၊ ရောဂါကုသမှုဆိုင်ရာ အချက်အလက်များ၊ ခေတ်မီရောဂါရှာဖွေမှု၊ ကုသမှုနည်းပညာများကို အခမ်းအနားနောက်ဆုံးနေ့အထိ ဖတ်ကြား ဆွေးနွေးခဲ့ကြသည်။ ဇန်နဝါရီ ၂၅ရက်တွင် တပ်မတော် ဆေးတက္ကသိုလ် ကလေးကျန်းမာ ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီးကေသီထွန်းက မွေးကင်းစကလေးများ ကိုယ်အလေးချိန်ပြောင်းလဲမှုနှင့် အသက်အရွယ်ကြီးလာစဉ် ဆီးချို၊ သွေးတိုး၊ နှလုံးနှင့် အဝလွန်ရောဂါ ဆက်စပ်မှုအကြောင်း၊ ဇန်နဝါရီ ၂၆ရက်တွင် ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ) နောက်ဆုံးနှစ်သင်တန်းသား ဗိုလ်ကြီးရဲမြတ်ဦးက ကလေးငယ်များနှင့် ရေကျောက်ရောဂါအကြောင်းကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃၀-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၁၉)
- ၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တိုးတိုးတိတ်တိတ် တမ်းတမ်းတတ** လူမင်း၊ ပန်းဖြူ၊ သင်ဇာဝင့်ကျော် [ဒါရိုက်တာ-မောင်ပြည့်ဝ(ပန်းဝေသီ)]
- ၁၃:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ ချစ်ရိပ်** (အပိုင်း-၄)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၄:၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
- ၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၂။ စားဖိုဆောင်ချစ်သူ
- ၆:၄၅ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၇:၀၀ ၁၄။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** (အပိုင်း-၁၆)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ အင်္ဂလိပ်စာသုတ
- ၂၀။ လူရွှင်တော်စတား
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူ့ရဲကောင်း** (အပိုင်း-၁၅)

အခြားနိုင်ငံသို့ သက်စွန့်ဆံဖျား သွားရောက်မည့်အစား မိမိနိုင်ငံအတွင်း အေးချမ်းပျော်ရွှင်စွာ နေထိုင်ခွင့်ရသင့်

ဖနောင်ပင် ဇန်နဝါရီ ၂၉

နေ့စဉ်နေ့တိုင်း လူ့အသက်ပေါင်းများစွာ သေဆုံးနေကြရသည့် အီရတ်နှင့်အာဖဂန်နစ္စတန်သို့ ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များကို စေလွှတ်မည်မဟုတ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်က ဇန်နဝါရီ ၂၇ ရက်တွင် ပြောကြားလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ မြေမြှုပ်မိုင်း ရှင်းလင်းရေးတပ်ဖွဲ့ဝင် ၁၀၀၀ စေလွှတ်ခြင်းပြု မပြုမေးမြန်းရာတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြောကြား

၁၉၉၈ခုနှစ်က ပြီးဆုံးသွားသည့် နှစ်ပေါင်း ၃၀ကျော်ကြာခဲ့သည့်စစ်ပွဲနှင့် ဖြတ်ကျော်ရင်ဆိုင်ခဲ့ရသော ကမ္ဘောဒီးယားပြည်သူများအနေဖြင့် စစ်ဖြစ်နေသည့် အခြားနိုင်ငံများ၌ သက်စွန့်ဆံဖျားသွားနေမည့်အစား ကိုယ့်နိုင်ငံအတွင်း အေးချမ်းပျော်ရွှင်စွာ နေထိုင်ခွင့်ရရှိသင့်ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဟေတီမြေငလျင် နောက်ဆက်တွဲအခြေအနေ ရေဒါများအသုံးပြု လေ့လာသွားမည်

ဝါရှင်တန် ဇန်နဝါရီ ၂၉

အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်မှုအဖွဲ့ (နာဆာ)သည် လွန်ခဲ့သည့် သီတင်းနှစ်ပတ်က ဟေတီ၌ လူနှစ်သိန်းထက်မနည်း သေဆုံးခဲ့ရသော ပြင်းထန်သည့် မြေငလျင်ကြီး လှုပ်သွားခဲ့ပြီးနောက် အဆိုပါဒေသသို့ ကျရောက်လာနိုင်ဖွယ်ရှိသည့် မြေငလျင်ဆိုင်ရာ နောက်ဆက်တွဲ လက္ခဏာများကိုလေ့လာရန် ဟေတီနှင့် ဒိုမီနီကန်သမ္မတနိုင်ငံ ဝေဟင်များသို့ ထောက်လှမ်းရေးလေယာဉ်များ စေလွှတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကြည့်ရှုလေ့လာ

အဆိုပါလေယာဉ်များသည် ဟေတီနှင့်ဒိုမီနီကန်သမ္မတနိုင်ငံတို့ ခွဲဝေယူထားသော ဟစ္စပါနီယိုကျွန်းရှိ ဘူမိရူပဆိုင်ရာ အခြေအနေဆိုးနှင့် ပတ်သက်သည့် အပြောင်းအလဲများကို ရေဒါများသုံး၍ ကြည့်ရှုလေ့လာသွားမည် ဖြစ်ကြောင်း နာဆာက ဇန်နဝါရီ ၂၆ရက်တွင် သတင်းထုတ်ပြန်သည်။ **အမ်အင်န်အေ၊ ရိုက်တာ**

ဂျော်ဒန်နှင့် အယ်လ်ဂျီးရီးယား နျူကလီးယား ပူးပေါင်းဆောင်ရွက်မည်

အမ္မန် ဇန်နဝါရီ ၂၉

ဂျော်ဒန်နှင့် အယ်လ်ဂျီးရီးယားတာဝန်ရှိပုဂ္ဂိုလ်များသည် နျူကလီးယားစွမ်းအင် ငြိမ်းချမ်းစွာအသုံးပြုနိုင်ရေးကို ဇန်နဝါရီ ၂၆ရက်က ဆွေးနွေးကြောင်း အင်တာနက်သတင်းအရ သိရသည်။

လက်မှတ်ရေးထိုး

ဂျော်ဒန်အဏုမြူစွမ်းအင်ကော်မရှင်(ဂျေအေအီးစီ)ဥက္ကဋ္ဌ တူကန်နှင့် အယ်လ်ဂျီးရီးယား စွမ်းအင်ဝန်ကြီးခီလီတို့ တွေ့ဆုံစဉ် နှစ်နိုင်ငံက နျူကလီးယားစွမ်းအင်ငြိမ်းချမ်းစွာ အသုံးပြုရေး သဘောတူလက်မှတ်ထိုးရေးကို ဦးတည်ဆွေးနွေးကြသည်။

သဘောတူ

ဂျော်ဒန်နှင့် အယ်လ်ဂျီးရီးယားတို့က ယူရေနီယံသတ္တုတူးစမ်းရှာဖွေရေးနှင့် တူးဖော်ရေးကဏ္ဍတွင် နည်းပညာဆိုင်ရာ ပညာရှင်များ အပြန်အလှန်ဖလှယ်ရေးနှင့် ဂျော်ဒန်မှပုဂ္ဂိုလ်များအား သင်တန်းပေးရေးကိစ္စတို့ကို ဇန်နဝါရီ ၂၆ရက်က သဘောတူညီခဲ့သည်ဟု ဂျေအေအီးစီကြေညာချက်၌ ပါရှိသည်။ **(အင်တာနက်)**

ပေါက်ကွဲမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံ ပက်ရှ်ဝါမြို့၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။

(ယင်းဗုံးပေါက်ကွဲမှုကြောင့် လေးဦးသေဆုံးသွားခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

ရေအောက်စွမ်းရည်ပြ

တရုတ်နိုင်ငံ ရှန်တုံပြည်နယ်၌ ကျင်းပသည့် ရေအောက်စွမ်းရည် သရုပ်ပြပွဲကို ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

မလေးရှားမြေနှင့်အိမ်ရာဈေးကွက် ၂၀၁၀ခုနှစ်၌ ကောင်းမွန်မည်ဟုခန့်မှန်း

ကွာလာလမ်ပူ ဇန်နဝါရီ ၂၉

မလေးရှားနိုင်ငံတွင် စီးပွားရေး ပြန်လည်ဦးမော့လာမည့် အရိပ်လက္ခဏာများ တွေ့မြင်နေရပြီဖြစ်ရာ မလေးရှားမြေနှင့်အိမ်ရာဈေးကွက်သည် ၂၀၁၀ခုနှစ်တွင် ဆက်လက်တိုးတက်ကောင်းမွန်လာမည်ဟု မျှော်လင့်ရကြောင်း မလေးရှားအစိုးရအရာရှိတစ်ဦးက ကွာလာလမ်ပူမြို့၌ ဇန်နဝါရီ ၂၆ရက်တွင် ပြောကြားသည်။

တန်ဖိုးသတ်မှတ်

၂၀၀၉ခုနှစ်တွင် မလေးရှားနိုင်ငံ၏ မြေနှင့်အိမ်ရာဈေးကွက်အနေအထားကြောင့် ဘဏ္ဍာရေးအကျပ်အတည်း ထိခိုက်ခဲ့သော်လည်း ၂၀၁၀ခုနှစ်တွင် အခြေအနေအားလုံး ကောင်းမွန်မည်ဖြစ်ကြောင်း မလေးရှား ဘဏ္ဍာရေးဝန်ကြီးဌာန တန်ဖိုးသတ်မှတ်ရေးနှင့် မြေနှင့်အိမ်ရာလုပ်ငန်းများဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အဗ္ဗဒူလာသာလစ်က ပြောကြားသည်။

သိရှိ

ယင်းအခြေအနေသည် အိုးအိမ်သစ်များဆောက်လုပ်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်လာခြင်းတို့ အပါအဝင် လုပ်ငန်းအမြောက်အမြား လုပ်ကိုင်လာကြခြင်းကို ထောက်ရှုခြင်းအားဖြင့် တွေ့မြင်သိရှိနိုင်ကြောင်းဖြင့်လည်း အဆိုပါညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

(အင်တာနက်)

သွင်းကုန်ဆိပ်ကမ်းများ ပိုမိုဖွင့်လှစ်ရန် အင်ဒိုနီးရှားအစိုးရ စီစဉ်လျက်ရှိ

ဂျကာတာ ဇန်နဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံအတွင်း တရားမဝင် မှောင်ခိုရောင်းဝယ်မှုများကို လျှော့ချရန် ရည်ရွယ်လျက် သွင်းကုန်ဆိပ်ကမ်းများ ပိုမိုဖွင့်လှစ်သွားရန် အင်ဒိုနီးရှားအစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အင်ဒိုနီးရှားစက်မှုဝန်ကြီးဌာနဝန်ကြီး မိုဟာမက်အက်စ်-ဟီဒါရတ်က ဇန်နဝါရီ ၂၆ရက်တွင် ပြောကြားသည်။

အတည်ပြု

သွင်းကုန်ဆိပ်ကမ်းများ ပိုမိုဖွင့်လှစ်ရေးနှင့်ဆက်နွှယ်သည့် ညွှန်ကြားချက်များကို ယခုအခါ ဆွေးနွေးအတည်ပြုပြီးဖြစ်ကြောင်း ဟီဒါရတ်က ထပ်လောင်းပြောကြားသည်။

ဖော်ပြ

တိုးချဲ့ဖွင့်လှစ်မည့် သွင်းကုန်ဆိပ်ကမ်းများ၌ စွမ်းအင်ချွေတာရေးမီးလုံးများနှင့် ဆယ်လ်လူလာဖုန်းများအပါအဝင် အခြားသောသွင်းကုန်များကို တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း အသစ်တည်ဆောက်မည့် ဆိပ်ကမ်းများ၏ နေရာအတိအကျကိုမူ အင်ဒိုနီးရှားစက်မှုဝန်ကြီးဌာနဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြေထဲပင်လယ်မြောက်ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများအကြား နယ်ခြားဖြတ်ကျော်မှုခင်းများကို ပူးပေါင်းဖြေရှင်းမည်

အေသင် ဇန်နဝါရီ ၂၉

ဂရိနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ဂိုဏ်းဖွဲ့ရာဇဝတ်မှုများ တိုက်ဖျက်ရေးရုံးတို့သည် မြေထဲပင်လယ်မြောက်ပိုင်းနှင့် တောင်ပိုင်းနိုင်ငံများအကြား လုံခြုံရေးစိန်ခေါ်မှုများ၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ပူးပေါင်းဖြေရှင်းရေး ကိစ္စရပ်များနှင့် ပတ်သက်၍ အေသင်မြို့၌ ဇန်နဝါရီ ၂၆ရက်မှစ၍ သုံးရက်ကြာ ညီလာခံတစ်ရပ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အဆိုပါညီလာခံကို ဂရိမြို့ပြကာကွယ်ရေးဝန်ကြီး မီချာလစ်ခရစ် ဆိုဟွိုက်ဒစ်နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ဂိုဏ်းဖွဲ့ရာဇဝတ်မှုများ တိုက်ဖျက်ရေးရုံးဌာနေကိုယ်စားလှယ် မိုဟာမက်အာဇစ်တို့က ကြီးမှူးကျင်းပခြင်းဖြစ်သည်။

ဆွေးနွေး

အဆိုပါညီလာခံတွင် တရားမဝင်လူဝင်မှု အပါအဝင် မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုမှုများကို အဓိကထား ဆွေးနွေးကြသည်။

အမြင်ချင်းဖလှယ်

ယင်းညီလာခံသို့ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုနှင့် မြေထဲပင်လယ်နိုင်ငံများအပြင် ဥရောပရဲတပ်ဖွဲ့ရုံး(ယူရိုပိုးလ်)၊ နိုင်ငံတကာ ရာဇဝတ်မှုခင်းဆိုင်ရာရဲတပ်ဖွဲ့(အင်တာပိုလ်)နှင့် နယ်စပ်ထိန်းသိမ်းရေးနှင့် ကာကွယ်ရေး ဥရောပအေဂျင်စီတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အမြင်ချင်းဖလှယ်ကြကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒီးဗားလွှန်းပြန်ယာဉ် ဖေဖော်ဝါရီ ၇ရက်တွင် လွှတ်တင်မည်

ဝါရှင်တန် ဇန်နဝါရီ ၂၉

အာကာသလွှန်းပြန်ယာဉ် အင်ဒီးဗားကို နိုင်ငံတကာအာကာသစခန်းတွင် ၁၃ရက်ကြာ ချိတ်ဆက်ထားရှိရန် ဖေဖော်ဝါရီ ၇ရက်၌ ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသဌာနမှ လွှတ်တင်မည်ဖြစ်ကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးဌာန(နာဆာ)က ဇန်နဝါရီ ၂၇ရက်တွင် ကြေညာသည်။

အင်ဒီးဗားလွှန်းပြန်ယာဉ်လွှတ်တင်မည့်ရက်ကို ကနေဒီအာကာသဌာနတွင် ဇန်နဝါရီ ၂၇ရက်က ကြေညာလိုက်ခြင်းဖြစ်သည်။

အင်ဒီးဗားအာကာသလွှန်းပြန်ယာဉ်တွင် အာကာသယာဉ်မှူးခြောက်ဦးလိုက်ပါမည်ဖြစ်သည်။ အာကာသအတွင်း ယာဉ်မှူးတို့ သုံးကြိမ်တိုင် လမ်းလျှောက်မည်ဖြစ်ကြောင်း သိရသည်။

အင်ဒီးဗားအာကာသလွှန်းပြန်ယာဉ် စေလွှတ်မှု နောက်ဆုံးနှစ်တွင် ယခုတစ်ကြိမ်သည် ပထမအကြိမ်ဖြစ်ပြီး ၂၀၁၀ခုနှစ်အတွင်းတွင် ငါးကြိမ် စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဘိုလီးဗီးယားနိုင်ငံ လာပက်ဇ်မြို့တောင်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားကာ နေအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘိုလီးဗီးယား၌ မိုးသည်းထန်ပြီးရေလွှမ်းမှု ရေဘေးဒုက္ခကြုံတွေ့ရဆဲ

လာပက်ဇ် ဇန်နဝါရီ ၂၉

ဘိုလီးဗီးယားနိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုဖြစ်ပွားကာ မိသားစု ၂၂၆၁၄စု ရေဘေးဒဏ်ခံစားကြရသည်ဟု ဇန်နဝါရီ ၂၆ရက်တွင် အစိုးရက သတင်းထုတ်ပြန်သည်။ ဘိုလီးဗီးယားနိုင်ငံအရှေ့ပိုင်းရှိ ကိုချာဘမ်ဘာ၊ စန်တာကျူ့၊ လာပက်ဇ်၊ တာရီဂျာနှင့် ပိုတိုစီပြည်နယ်များ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေလျှံကာ ရေလွှမ်းမှုကြုံတွေ့နေရကြောင်း မြို့ပြကာကွယ်ရေးဝန်ကြီး ဟာနန်ကျူကိုက ပြောကြားသည်။

ရာသီဥတုဖောက်ပြန်

အဆိုပါဒေသရှိ ပြည်သူများအား မြို့ပြကာကွယ်ရေး လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေး၊ပြန်လည်တည်ဆောက်ရေးနှင့် လမ်းများပြုပြင်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ အယ်လ်နီညိုရာသီဥတုဖောက်ပြန်မှုကြောင့် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း မိုးသဲသဲမဲမဲ ရွာသွန်းမည့်လက္ခဏာရှိသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြင်းမူမြို့နယ်၌ စာကြည့်တိုက်ပန္နက်တင်

မြင်းမူ ဇန်နဝါရီ ၂၉

မြင်းမူမြို့နယ် မူးဝရွာထောင်ကျေးရွာ ထွဋ်မြတ်အလင်းစာကြည့်တိုက် ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီခွဲက စာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပသည်။

ပန္နက်တင်

ပန္နက်တင်အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သောင်း**(အောက်ပုံ)**၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးဝင်းကျော်နှင့်တာဝန်ရှိသူများက ထွဋ်မြတ်အလင်း စာကြည့်တိုက်ကို ပန္နက်တင်ပေးကြသည်။

တည်ဆောက်

အဆိုပါစာကြည့်တိုက်သည် အလျား ၂၄ပေ၊ အနံ ၁၄ပေ သွပ်မိုး အုတ်ခင်းနံကပ်တိုက်ဖြစ်ပြီး နိုင်ငံတော် မတည်ငွေကျပ် ၁၀သိန်းနှင့် ကျေးရွာပြည်သူများ၏ပါဝင်လှူဒါန်းငွေကျပ် ၁၅သိန်း စုစုပေါင်းငွေကျပ်၂၅သိန်းဖြင့် ဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၃၅)**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပင်းတယ ဇန်နဝါရီ ၂၉

ပင်းတယမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၀ရက်က မြင်းမူကျေးရွာအုပ်စု မြင်းမူကျေးရွာသို့ သွားရောက်ကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျေးလက်နေပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှင်းလင်းပြောကြား

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင်လတ်က ကျေးလက်နေ ပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးများနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်မှူး ဒုတိယရဲမှူး လှဆွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကာ မြင်းမူကျေးရွာဥက္ကဋ္ဌ ဦးလုံးကျော်နှင့် ပြည်သူများက ပြန်လည်ဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်မိုးမိုးထွေးက မြင်းမူကျေးရွာ ပညာပန်းဥယျာဉ် စာကြည့်တိုက်၏ စာငှားကတ်စနစ်များ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုဇွန်တောင် စာပေနှင့်စာနယ်ဇင်း မျက်နှာစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပုဇွန်တောင်မြို့နယ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ဇန်နဝါရီ ၂၄ရက်က မြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးတင်စိုး (ဆရာသာဂဒိုး)၊ ဦးကျော်ရိုး(ဆရာပြည့်စုံ)၊ ဦးခင်မောင်လေး(ဆရာ ဖိုးသောကြာ)နှင့် မြို့နယ် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟို အလုပ်အမှုဆောင်ကော်မတီဝင် ဦးအောင်သိန်းဝင်း(ဆရာမောင်ခိုင်ခန့်)နှင့် သဘာပတိဥက္ကဋ္ဌ ဦးခင်အောင် (သတင်းထောက်ခင်အောင်)**(အပေါ်ပုံ)**တို့က အမှာစကားပြောကြားသည်။ နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်းကို တွဲဖက်အတွင်းရေးမှူး ဦးစန်းမြင့်(ရေကျော်စိုးအောင်)က လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို အတွင်းရေးမှူးဦးသန်းထွန်း (သီဟဓရာဝတီ)ကလည်းကောင်း ဖတ်ကြားတင်ပြသည်။

ထို့နောက် ပုဇွန်တောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးကိုကျင်းပရာ ဥက္ကဋ္ဌ ဦးခင်အောင်၊ ဒုတိယဥက္ကဋ္ဌ ဦးညီညီအောင်၊ အတွင်းရေးမှူး ဦးသန်းထွန်း၊ တွဲဖက် အတွင်းရေးမှူး ဦးစန်းမြင့်၊ ဘဏ္ဍာရေးမှူး ဦးကြည်သာ၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးကျော်လင်း၊ ပြန်ကြားရေးမှူး ဦးဝေမြင့်နှင့် ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးခင်အောင်၊ အတွင်းရေးမှူး ဦးသန်းထွန်းတို့အား ရွေးချယ်ခဲ့သည်။ (၁၂၅)

မော်ဘီ အထက(၂) အာစရိယပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

အထက(၂) မော်ဘီ(ယခင်တပ်မတော်ကျောင်း)တွင် ၁၉၆၆-၁၉၆၇ခုနှစ်မှ ၁၉၇၄-၁၉၇၅ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့ကြသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းပြ ဆရာကြီး ဆရာမကြီးများနှင့် ၁၉၇၅-၁၉၇၆ခုနှစ်မှ ၁၉၇၉-၁၉၈၀ခုနှစ်အတွင်း အထက်တန်းပြအဖြစ် ပညာသင်ကြားပို့ချခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ယင်းနှစ်အတွင်းမှ ကျောင်းသားကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို မော်ဘီ အထက(၂) မေတ္တာရောင်ခြည်ခန်းမ၌ ဇန်နဝါရီ ၃၁ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဒေါက်တာ စောကလယ်ခူ ဖုန်း-၀၉-၅၁၆၅၈၁၄၊ ၀၉-၈၆၂၂၁၃၄၊ ဒေါက်တာသီဟကျော် ဖုန်း-၀၉-၅၁၅၃၆၈၇၊ ဒေါ်ခင်မြတ်မူ ဖုန်း-၆၆၁၉၀၃၊ ဒေါ်စန်းယုမေ ဖုန်း-၆၂၀၀၉၃၊ ဒေါ်ချိုချိုမြင့်ဦး ဖုန်း-၀၉-၅၀၀၈၀၁၁၊ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း) ဖုန်း-၀၉-၅၁၆၂၈၇၂ နှင့် ဦးကာကျော် ဖုန်း-၀၉-၈၅၀၀၀၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆေးပညာရပ်ဆိုင်ရာ သုတေသန ညီလာခံကိုရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ ဆေးသုတေသန ဦးစီးဌာနတွင် ဇန်နဝါရီ ၂၅ရက်မှ ၂၉ရက်အထိ ကျင်းပခဲ့ရာ ဇန်နဝါရီ ၂၈ရက်က ကျင်းပသော ကလေးသူငယ်များ ခဲဆိပ်သင့်ခြင်းနှင့် ပတ်သက်သည့် သုတေသနစာတမ်းကို ရန်ကုန်မြို့ ကလေးဆေးရုံကြီးမှ တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးဝင်းမြတ်အေး(ဝဲ)က ဖတ်ကြားဆွေးနွေးစဉ်။(ကျန်းမာရေး)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်အိမ်ရာစီမံကိန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မပာင်ကျေးရွာအုပ်စုစံပြကျေးရွာ ဦးကျော်သန့်ဇင်၏ နေအိမ်ဆောက်လုပ်မှုကို ဇန်နဝါရီ ၁၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်အေးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

အထက(၁)ဒဂုံ မြတ်ဆရာပူဇော်ပွဲကျင်းပရေး အကြိုညှိနှိုင်းစည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၉

၁၉၇၅-၂၀၀၉ခုနှစ်အထိ ရန်ကုန်မြို့ အထက(၁)ဒဂုံ၌ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် (၆၀)ပြည့် ဆရာကြီး ဆရာမကြီးများအား မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ အထက-၁၊ ဒဂုံ ဒဂုံသီရိခန်းမ၌ ဆရာကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ အကြိုညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဒဂုံသီရိခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ *(မြန်မာ့အလင်း)*

မြေယာရှုခင်းအလှ

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် နဒီရေပန်းခြံအတွင်း ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေယာရှုခင်း အလှပြုပြင်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၁ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်က ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

မိုဂါဒစ်ရှူး၌ တိုက်ပွဲဖြစ်ပွား၊ ၁၁ ဦးသေဆုံး

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူး၌ ဇန်နဝါရီ ၂၉ ရက် စောစောပိုင်းက အစ္စလမ္မစ်အုပ်စုနှင့် ဆိုမာလီတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာ ၁၁ ဦးသေဆုံးပြီး ၂၅ ဦးဒဏ်ရာရရှိကြောင်း အာဖရိကသမဂ္ဂငြိမ်းချမ်းရေးအဖွဲ့ (အေယူ)က သတင်းထုတ်ပြန်သည်။

ကွမ်စီကွမ်း၌ ယာဉ်နှစ်စီးတိုက်မိ၊ နှစ်ဦးသေဆုံး

တရုတ်ပြည်သူ့သမ္မတနိုင်ငံတောင်ပိုင်း ကွမ်စီကွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လီကျန်စီရင်စု ချွမ်ရှန်းမြို့၌ မော်တော်ယာဉ်နှစ်စီးတိုက်မိရာမှ အသက်ရှင်နေသေးသူများကို မီးသတ်သမားများက ကယ်ဆယ်ခဲ့ရကြောင်း၊ ယင်းယာဉ်တိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိသွားသည်။ ***(အောက်ပုံ)***

နယူးဇီလန်၌မြူများထူထပ်စွာကျဆင်း၊လေယာဉ်များမဆင်းနိုင်

နယူးဇီလန်နိုင်ငံ နေရာအနှံ့အပြားတွင် ဇန်နဝါရီ ၂၉ရက် နံနက်ပိုင်းက မြူမှုန်များထူထပ်စွာကျရောက်နေသဖြင့် ဝယ်လင်တန်လေဆိပ်သို့ဆင်းသက်မည့် လေယာဉ်များအတွက် အခက်အခဲဖြစ်ရကြောင်း ဝယ်လင်တန်လေဆိပ် ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ နံနက်ပိုင်းတွင် အဆိုပါလေဆိပ်သို့ မည်သည့်လေယာဉ်မှ မဆင်းသက်နိုင်ကြောင်းဖြင့်လည်း သိရသည်။

ဂျပန်နိုင်ငံတွင် အလုပ်ရှာသူဦးရေ များပြားနေ

ဂျပန်နိုင်ငံတွင် အလုပ်အကိုင်ရှာဖွေနေသူများအတွက် အလုပ်ပေးနိုင်မှု ပျမ်းမျှ အချိုးအစားသည် ၂၀၀၉ခုနှစ်တွင် စံချိန်တင်လောက်အောင် ကျဆင်းသွားကြောင်း ဂျပန်ကျန်းမာရေး၊ အလုပ်သမားရေးနှင့် သက်သာချောင်ချိရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၉ရက်တွင် သတင်းထုတ်ပြန်သည်။ အလုပ်ရှာဖွေသူ ၁၀၀လျှင် အလုပ်အကိုင် ၄၇ခုသာရှိကြောင်း သိရသည်။

ကမ္ဘောဒီးယားကုန်တင်သင်္ဘော ပြန်ပေးဆွဲခံရ

ဆိုမာလီပင်လယ်ဓားပြများသည် ဆိုမာလီယာနိုင်ငံ ဘာဘာရာဆိပ်ကမ်း ကမ်းလွန်၌ ဇန်နဝါရီ ၂၇ရက်က ကမ္ဘောဒီးယားကုန်တင်သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲသွားကြောင်း၊ အဆိုပါသင်္ဘောတွင် နိုင်ငံခြားနိုင်ငံမှ သင်္ဘောသားများလိုက်ပါလာကြောင်း ဒေသဆိုင်ရာ ပင်လယ်ရေပြင်အရာရှိတစ်ဦးက ဇန်နဝါရီ ၂၈ရက်တွင် ပြောကြားသည်။

အီဂျစ်နိုင်ငံ၌A(H1N1)ရောဂါကြောင့် သေဆုံးသူ ၂၅၃ဦးရှိ

အီဂျစ်နိုင်ငံတွင် ဇန်နဝါရီ၂၈ရက်က ထပ်မံရရှိသောစာရင်းအရ A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသူနှစ်ဦးရှိကြောင်း၊ သို့ဖြစ်ရာ အီဂျစ်နိုင်ငံတစ်ဝန်းလုံးတွင် A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၃ဦးရှိသွားပြီဖြစ်ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဆိုမာလီတပ်ဖွဲ့ဝင် ၇၀၀ကို ယူဂန္ဒာ၌ သင်တန်းပေး

မတည်မငြိမ်ဖြစ်နေသော ဆိုမာလီနိုင်ငံတွင် ငြိမ်းချမ်းစေရန်နှင့် တည်ငြိမ်မှုရရှိစေရန် အထောက်အကူပြုသည့်အနေဖြင့် ယူဂန္ဒာနိုင်ငံက ဆိုမာလီအစိုးရတပ်ဖွဲ့ဝင် ၇၀၀ကို လေ့ကျင့်သင်တန်းများပေးလျက်ရှိကြောင်း ယူဂန္ဒာနိုင်ငံ စစ်ဘက်ထိပ်တန်းအရာရှိ ဗိုလ်ချုပ်ကြီး အရွန်ဒါညာကိုင်ရီမာက ကမ်ပါလာမြို့၌ ဇန်နဝါရီ ၂၈ရက်က ပြောကြားသည်။

ပိုလန်နှင့်ရုရှား ဓာတ်ငွေ့ကုမ္ပဏီများ စာချုပ်ချုပ်ဆို

ပိုလန်ရေနံနှင့် သဘာဝဓာတ်ငွေ့ကော်ပိုရေးရှင်း (ပီဂျီအင်န်အိုင်ဂျီ)နှင့် ရုရှားနိုင်ငံ သဘာဝဓာတ်ငွေ့ကုမ္ပဏီတို့သည် ပိုလန်နိုင်ငံသို့ ဓာတ်ငွေ့များပို့မှန်တင်ပို့နေကျဖြစ်သည့်အပြင် နောက်ထပ်အပိုထပ်ပို့ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြသည်ဟု ပီဂျီအင်န်အိုင်ဂျီကုမ္ပဏီက ဇန်နဝါရီ ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။

ကိုင်ရို နိုင်ငံတကာစာအုပ်ပြပွဲ ဖွင့်လှစ်

အီဂျစ်သမ္မတ ဟိုစနီမူဘာရက်သည် (၄၂)ကြိမ်မြောက် ကိုင်ရိုနိုင်ငံတကာစာအုပ်ပြပွဲကို ဇန်နဝါရီ ၂၈ရက်က ဖွင့်လှစ်လိုက်သည်။ ယင်းပြပွဲတွင် နိုင်ငံ ၃၁နိုင်ငံမှ ထုတ်ဝေသူ ၈၀၀ ခန့် ပါဝင်ပြသကြသည်။

မြေထဲပင်လယ်၌ ပျက်ကျလေယာဉ်မှ သေတ္တာနက်တွေ့ရှိ

လက်ဘနွန်နိုင်ငံ ဘေရွတ်လေဆိပ်မှအတက် မိနစ်ပိုင်းအတွင်း မြေထဲပင်လယ်သို့ ထိုးကျခဲ့သော အီသီယိုးပီးယားလေကြောင်းလိုင်းပိုင်လေယာဉ်မှ လေယာဉ်မှတ်တမ်းတင်ကိရိယာ(ဘလက်ဘောက်စ်)ရှိရာဒေသကို အတိအကျသိရှိရပြီဖြစ်ကြောင်း အီသီယိုးပီးယားလေကြောင်းလိုင်း ပြည်သူ့ဆက်ဆံရေးရုံးက ဇန်နဝါရီ ၂၈ရက်တွင် သတင်းထုတ်ပြန်သည်။ ***(အင်တာနက်)***

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E .Mr.Ye Dabo လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E .Mr.Ye Dabo သည် ယနေ့ညနေ ၅နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးမြင့်ထွေးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ(၂၀၀၉)နောက်ဆုံးနေ့ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၀၉)၏ ပဥ္စမနှင့် နောက်ဆုံးနေ့ အစီအစဉ်များကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဗိုဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘာသာရပ်ဆိုင်ရာစာတမ်းဖတ်ပွဲသုံးခု၌ သုတေသီများက သုတေသနစာတမ်း ၁၃စောင်ကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းသည်များကို ပြန်လည်ဖြေကြားကြသည်။

ဆုရွေးချယ်မှု

ဆက်လက်၍ ညီလာခံ၌ ဖတ်ကြားတင်သွင်းခဲ့ကြသော သုတေသနစာတမ်းများနှင့် ပိုစတာများအနက် ဘာသာရပ်အလိုက် အကောင်းဆုံးဆုရရှိကြသူများအား ဆုပေးပွဲအခမ်းအနား ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏မိန့်ခွန်းကို ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ပြုံးကြည်က ဖတ်ကြားပြီး အကောင်းဆုံး သုတေသနစာတမ်းနှင့် ပိုစတာရွေးချယ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာန ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာကြည်ကြည်သင်းက ဆပ်ကော်မတီ၏ အစီရင်ခံစာနှင့် ဆုရွေးချယ်မှု အဆင့်ဆင့်တို့ကို တင်ပြကာ ဆုရရှိသည့် စာတမ်းအမည်များကို ကြေညာသည်။

ထို့နောက် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာဆန်းစစ်

ဆုပေးပွဲအခမ်းအနားတွင် အကောင်းဆုံးအခြေခံသုတေသနဆုကို pfmdr 1N 86 မျိုးရိုးဗီဇနှင့် ခန္ဓာကိုယ်ပြင်ပ ဒိုင်ဟိုက်ဒရိုအာတီမီစင်နင်းအာနိသင် ထိရောက်မှုကို လေ့လာခြင်း စာတမ်း၊ အကောင်းဆုံးအသုံးချသုတေသနဆုကို သွေးလွန်တုပ်ကွေးရောဂါကူးစက်ပြန့်ပွားစေနိုင်သော ခြင်ကျားများအပေါ် တယ်မီဖော့(စ်)၊ ပိုင်ရီပရော့စီဖင်နှင့် ဘီတီအိုင်ပိုးသတ်ဆေးများ၏ အာနိသင်ထိရောက်မှုကို စမ်းသပ်သော သုတေသနစာတမ်း၊ အကောင်းဆုံး ကျန်းမာရေးစနစ်သုတေသနဆုကို ပြည်သူ့ကျန်းမာရေးဌာနနှင့် ပုဂ္ဂလိကဆေးခန်းများ ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်ကို လေ့လာဆန်းစစ်ခြင်းစာတမ်းနှင့် အကောင်းဆုံး ပိုစတာဆုကို ပိုးသတ်ဆေး အကြွင်းအကျန်များကြောင့် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိခိုက်ခြင်းကို အင်းလေးဒေသ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင်လေ့လာခြင်း ပိုစတာတို့က ရရှိကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

စာအုပ်စာပေ လှုမိတ်ဆွေ

Myanmar Distribution Group Co.,Ltd. က New Year 2010 ကံစမ်းမဲ အစီအစဉ်အတွက် ဆုမဲများ ဖွင့်လှစ်ခြင်း အခမ်းအနားတွင် အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်မော်သိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အရောင်းကုန်သည်ကြီးများအား ကံစမ်းမဲအစီအစဉ် ဆုမဲများ ဖွင့်လှစ်ခြင်းကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

Myanmar Distribution Group Co.,Ltd. က အရောင်းကုန်သည်ကြီးများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် အောက်တိုဘာ ၁ရက်မှ ဒီဇင်ဘာ ၃၁ရက်အတွင်း ပြုလုပ်ခဲ့သော New Year 2010 ကံစမ်းမဲအစီအစဉ်အတွက် ဆုမဲများ ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၃ရက် ညနေ၆နာရီတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ Myanmar Distribution Group Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မော်သိန်းနှင့် ဇနီးဒေါက်တာမိုးမြတ်ဝင်း၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့မှ ကုန်သည်ကြီးများ၊ သတင်းနှင့်စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်မော်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ငွေကျပ်သုံးသိန်းဆုများနှင့် ငွေကျပ်တစ်သိန်းဆုများကို ဦးဝင်းငြိမ်း၊ ဦးမြတ်ခိုင်၊ သရုပ်ဆောင်ရဲတိုက်၊ သရုပ်ဆောင် ဝတ်မှုန်ရွှေရည်၊ မော်ဒယ် မေသူအောင်၊ မော်ဒယ် ခင်ရူပနှင့် တက်ရောက်လာကြသော ကုန်သည်ကြီးများက ရွေးချယ်ပေးကြသည်။

ရွေးချယ်ပေး

ထို့နောက် ငွေကျပ်နှစ်ဆယ့်ငါးသိန်းဆုနှင့် ငွေကျပ်ဆယ်သိန်းဆုတို့ကို အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်မော်သိန်းနှင့်ဇနီး ဒေါက်တာ မိုးမြတ်ဝင်းတို့က ရွေးချယ်ပေးကြပြီး ညစာစားပွဲဖြင့် ဧည့်ခံသည်။

ထုတ်လုပ်ဖြန့်ဖြူး

မြန်မာအမျိုးသားပိုင် Myanmar Distribution Group Co.,Ltd.သည် ဈေးကွက်အတွင်း လူကြိုက်များထင်ရှားလျက်ရှိသော Gold Roast ကော်ဖီမစ်၊ Gold Roast Gold ကော်ဖီမစ်၊ Ben Cafe ကော်ဖီမစ်၊ Cafe 21 ကော်ဖီမစ်၊ Calsome ကွေကာ၊ Royal Myanmar တီးမစ်အစရှိသည့် အရည်အသွေးမြင့်ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိရာ မြန်မာပြည်တွင်းရှိ စားသုံးသူများသာမက ပြည်ပမှ စားသုံးသူများကပါ နှစ်သက်စွာ အားပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

News Watch (စောင့်ကြည့်)ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၉

သန်လျင်တံတား အမှတ်(၁)နှင့် (၂)ကြား ပဲခူးမြစ်တွင်း သောင်ထွန်းမှုများလာ၊ ခြေထောက်အပိုတစ်စုံပါ မိန်းကလေး အောင်မြင်စွာခွဲစိတ်နိုင်၊ ဆရာဇင်ယော်နီ၏ နေ့အလိုက် ကံအကျိုးပေးမည့်နံပါတ်များ၊ ရန်ကုန်-လပွတ္တာသွား တစ်ထပ်သင်္ဘော မိုးဆမ်းပန်း မီးလောင်မှုဖြစ်ပွား၊ ကမ္ဘာလှည့်ခရီးသွားဇုန်များနှင့် ပြတိုက်ဝင်ကြေးများကို ကြိုတင်ငွေချေစနစ်(Prepaid Card)ဖြင့် ကောက်ခံရန်ရှိ၊ ၂၀၁၀ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ဒုတိယဥက္ကဋ္ဌပြောကြားချက်၊ မြဝတီနယ်စပ်ကုန်သွယ်ရေးမှ ရေခဲသေတ္တာများဝင်၊ မြန်မာ-အိန္ဒိယနယ်စပ်တွင် ဈေးတစ်ဈေးတည်ဆောက်လိုပါက ဒေသအုပ်ချုပ်ရေးမှူးရုံးသို့ ဖုန်းဖြင့် ဆက်သွယ်စုံစမ်းနိုင်၊ ဖေဖော်ဝါရီ ၁၂ရက် ပြည်ထောင်စုနေ့မတိုင်မီ ကျပ်သိန်း ၂၀၀တန် နောင်ရိုးဂျစ် ကံစမ်းမဲဖောက်မည့် ဈေးရောင်းပွဲတော် ကျင်းပမည်၊ ယခင်နှစ် နာမည်ကြီးသွားတဲ့ ပဲဈေးကွက်၊ ယခုနှစ် အတက်အကျ အပြောင်းအလဲများစွာကြုံ၊ မန္တလေးအဆောက်အအုံများနှင့် ဈေးဆိုင်များမှ ကြော်ငြာဆိုင်းဘုတ်များကို အခွန်ကောက်မည်၊ ပြည်ပပို့ကုန်ဝင်ငွေရှိသူများ စက်သုံးဆီ၊ စက်ယန္တရားနှင့် ယာဉ်မျိုးစုံတင်သွင်းနိုင်ပြီ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၁၁၀ကို ပုဂ္ဂလိကလက်သို့လွှဲမည်၊ ယခင်ကတော့ ပုသိမ်ဆန် ယခုတော့ ဖျာပုံ၊ မော်ကျွန်း၊ ဒေးဒရဲ၊ ကျိုက်လတ်ဆန်များ လူကြိုက်များ စသည့်သတင်းများဝေဝေဆာဆာဖြင့် အတွဲ (၅)၊ အမှတ် (၂၇) News Watch(စောင့်ကြည့်) သတင်းဂျာနယ်ကို ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+အင်္ဂလိမာလသုတ် ဇောရွှင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဦးညွှတ်ခြင်း၏ အကျိုးကျေးဇူး** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	Shooting Making (အပြာရောင်တိမ်တစ်ဆုပ်ရဲ့ တစ်ခုတည်းသောဇာတာ)
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆)
၈:၃၀	Sports World (Dog Challenge)
၈:၅၅	Activities in the City (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်စာတမ်းဖတ်ပွဲ)
၉:၀၅	ကြည်နူးအခါခါ ပီတိဝေကာ လက်ဆယ်ဖြာ
၉:၃၀	Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၃၅	အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၏ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ
၁၁:၀၅	လျှပ်စစ်လိုင်းများ ဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၁)
၁၁:၂၅	အဝလွန်ခြင်းပြဿနာနှင့် ကိုယ်အလေးချိန်ထိန်းသိမ်းခြင်း နည်းလမ်းများ(Current Concepts on Management of Obesity)
၁၁:၄၅	သွားမယ်စားမယ် (Scarlet Restaurant)
၁၂:၁၀	မြန်မာ့တူရိယာစည်တော်ကြီး
၁၂:၃၀	ဆီထွက်သီးနှံများထဲမှ **ဆီအုန်း**
၁၂:၅၀	**လူဖြစ်ရှုံးပါပြီကွာ** ရုပ်ရှင်သရုပ်ဆောင်များ (ဒါရိုက်တာ-ညီညီထွန်းလွင်)
၁၂:၅၅	အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
၁:၀၀	**ဦးညွှတ်ခြင်း၏ အကျိုးကျေးဇူး** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival Rock ကမ်းခြေ
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆)
၄:၀၅	အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၏ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ
၄:၃၀	လျှပ်စစ်လိုင်းများဖြတ်သန်းစီးဆင်းစေရာ (အပိုင်း-၁)
၄:၅၅	Activities in the City (မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည် စာတမ်းဖတ်ပွဲ)
၅:၁၅	ကြည်နူးအခါခါ ပီတိဝေကာ လက်ဆယ်ဖြာ
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	သွားမယ်စားမယ် (Scarlet Restaurant)
၆:၄၅	လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၇:၀၀	Fashion Music Festival Rock ကမ်းခြေ
၇:၃၀	ပန်းချီပြပွဲ (New Zero Next Generation 1st Exhibition)
၈:၀၀	MRTV-4 သတင်း
၈:၃၀	အင်တာနက်လမ်းညွှန် (Website အညွှန်း) (အပိုင်း-၂)
၈:၄၀	Shooting Making (အပြာရောင်တိမ်တစ်ဆုပ်ရဲ့ တစ်ခုတည်းသော ဇာတာ)
၉:၁၀	လေလှိုင်းမှ ဖြေကြား ပရိသတ်များအမေးစကား
၉:၂၅	English Premier League Birmingham Vs Tottenham
၁၁:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၆)
၁၁:၅၅	English Premier League Burnley Vs Chelsea

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Liverpool -Bolton	ESPN(Live)
	Birmingham-Tottenham	STAR SPORTS (Live)
၁၁:၃၀	Fulham-Aston Villa	STAR SPORTS (SDD)
၁၁:၅၅	Burnley - Chelsea	ESPN (Live)

Air Bagan Myanmar Masters 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇန်နဝါရီ ၂၉

Asian Development Tour နှင့် မြန်မာပီဂျီအေတို့ ပူးပေါင်းစီစဉ်ပြီး Air Bagan Ltd. က အဓိကပံ့ပိုးကူညီ၍ International Beverages Trading Co.,Ltd. (IBTC) က ထပ်မံပံ့ပိုးကူညီသည့် Air Bagan Myanmar Masters 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၈နာရီမှစ၍ ရန်ကုန်မြို့ရှိ ပန်းလှိုင် ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်

ဒုတိယနေ့ပြိုင်ပွဲအပြီးတွင် Gavin Flint (ဩစတြေးလျ)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၃၅ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ Akhmal Tarmizee (မလေးရှား)က နှစ်ရက်ပေါင်းရိုက်ချက် ၁၃၈ချက်ဖြင့် ဒုတိယနေရာ လိုက်နေပြီး Jani Pertilla(ဖင်လန်)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၀ဖြင့် တတိယနေရာလိုက်နေကြသည်။ Lucas Lee (ဘရာဇီး)၊ မင်းနိုင်(မြန်မာ)နှင့် Takafumi Kawane(ဂျပန်)တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၁ချက်စီဖြင့်လည်းကောင်း၊ အောင်ဝင်း(မြန်မာ)၊ Eltoro Sjoholm(ဆွီဒင်)၊ နိုင်နိုင်လင်း (မြန်မာ)၊ Hsu Chia-Jen တရုတ်(တိုင်ပေ)နှင့် Mitchell Slorach (စင်ကာပူ)တို့က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၂ချက်စီဖြင့်လည်းကောင်း နောက်မှ အသီးသီးရပ်တည်နေကြောင်း သိရသည်။ ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များကို ဇန်နဝါရီ ၃၀ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂေါက်သီးအားကစား ဝါသနာရှင်များ အနေဖြင့် အခမဲ့ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

ပံ့ပိုး

အဆိုပါပြိုင်ပွဲကို Main Sponsor အဖြစ် Air Bagan Ltd.က အဓိကကူညီပံ့ပိုးပြီး Presenting Sponsor အဖြစ် International Beverages Trading Co.,Ltd. (IBTC) က ထပ်မံကူညီပံ့ပိုးပေးကာ Max Myanmar, Pun Hlaing Golf Club, Hotel Yangon, MGF, MPGA တို့ကလည်း ထပ်မံကူညီ ပံ့ပိုးပေးကြောင်း သိရသည်။

(သတင်းစဉ်)

မန္တလေး-ရန်ကုန်လမ်းမကြီးအား ထပ်ပိုးလွှာတင် နိုင်လွန်ကတ္တရာလမ်း တိုးချဲ့ခင်းနေမှု ဦးရွှေတောင်တံတားအဝင်ချဉ်းကပ်လမ်း တိုးချဲ့ဖောက်လုပ်မှုလုပ်ငန်းများ

မန္တလေးမြို့တော်ဝန် ပိုလ်မှူးချုပ်ဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇန်နဝါရီ ၁၁ရက် ညနေ ၅နာရီက အမရပူရမြို့နယ်အတွင်း ကနောင်မင်းသားကြီးလမ်းမှ ထုံးဘို- မြစ်ငယ်လမ်းအကြား မန္တလေး-ရန်ကုန်လမ်းမကြီးအား ထပ်ပိုးလွှာတင် နိုင်လွန်ကတ္တရာလမ်း တိုးချဲ့ခင်းနေမှု၊ ရတနာပုံတက္ကသိုလ်အဝင်လမ်းအား ဦးရွှေတောင်တံတားအဝင် ချဉ်းကပ်လမ်းတိုးချဲ့ဖောက်လုပ်နေမှု၊ မန္တလေးမြို့ပတ်နှင့် ကမ်းနားလမ်းအား ညောင်ကွဲနှင့် ၁၂လမ်းကြားတွင် မြေသားထပ်မံမြှင့်တင်၍ ကျစ်လျစ်ခိုင်မာအောင်ဆောင်ရွက်နေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အမရပူရမြို့နယ် စွယ်တော်မြတ်စေတီတော် အနီး မန္တလေး-ရန်ကုန်လမ်းမကြီးအား ထပ်ပိုးလွှာတင် နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာများက မန္တလေး-ရန်ကုန်လမ်းမကြီးအား ကနောင်မင်းသားကြီးလမ်းမှ မြစ်ငယ်-ထုံးဘိုလမ်းအထိ ထပ်ပိုးလွှာတင် နိုင်လွန်ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှု၊ နိုင်လွန်ကတ္တရာလမ်းအား ၁၀၁၇၅ ပေ ခင်းရန် လျာထားရာတွင် လက်ရှိနေရာအထိ ပေ ၆၅၀၀ကျော် နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် စက်ယန္တရားကြီးများ၊ လုပ်သားအင်အားများဖြင့် မန္တလေး-ရန်ကုန် လမ်းမကြီးအား ထပ်ပိုးလွှာတင် နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က စက်ယန္တရားများ အကျိုးရှိစွာ အသုံးပြုရေး၊ နိုင်လွန်ကတ္တရာလမ်း အရည်အသွေးပြည့်မီရေး၊ တစ်ဖက်ယာဉ်ကြော ပိတ်ဆို့မှု မရှိအောင် စနစ်တကျ ဆောင်ရွက်ရေးနှင့် အခြားလုပ်ငန်း လိုအပ်ချက်များကို လမ်းတံတားဌာန ခေတ္တဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား မှာကြားသည်။

ချဉ်းကပ်လမ်း

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရတနာပုံတက္ကသိုလ်အဝင်လမ်းအား စက်ယန္တရားကြီးများဖြင့် ဦးရွှေတောင်တံတားအနီး၌ ချဉ်းကပ်လမ်းတိုးချဲ့ဖောက်လုပ်နေမှုနှင့် မူလလမ်းသားအား မြေဖို့တိုးချဲ့ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းတံတားဌာန ခေတ္တဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား လုပ်ငန်းလိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့သည်။ (၁၁၃)

အရှေ့ပိုင်းဒေသများ၌ ညအပူချိန်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး တနင်္သာရီတိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ဇန်နဝါရီ ၃၀ရက်ညနေအထိ ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

Software Programmer ဖြစ်လိုသူလူငယ်များအတွက် Fundamentals of Programming သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

Myanmar Professionals Education Centre (MPEC) က Software Programmer ဖြစ်လိုသူလူငယ်များအတွက် Fundamentals of Programming သင်တန်းကို ဖေဖော်ဝါရီလတွင် စတင်၍ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

သင်ကြားပေး

အဆိုပါသင်တန်းတွင် Basic Computer Principle, Introduction to Computer Science, Mathematics for Computing, Data Structure & SQL နှင့် Programming Language စသည့် ဘာသာရပ်တို့ကို သင်ကြားပေးမည်ဖြစ်သည်။

ယင်းသင်တန်းတွင် Programming ၏ အခြေခံအကျဆုံး သဘောတရားများ၊ သိသင့်သိထိုက်သော Theory များ၊ Flow Chat ၊ Pseudo Code ရေးသားနည်းများ၊ Mathematics for Computing စသည်တို့ကို သင်ကြားပေးမည်ဖြစ်ပြီး အဓိကအားဖြင့် Java, Microsoft C#.NET, Python စသည့် Programming Language တို့ကို အခြေခံမှ စတင်၍ ကျွမ်းကျင်ပိုင်နိုင်စေရန် စနစ်တကျ လေ့ကျင့်သင်ကြားပေးမည် ဖြစ်သည်။

လေ့လာ

အဆိုပါသင်တန်းသည် IT ကို စတင်လေ့လာလိုသူ လူငယ်များ၊ ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများနှင့် IT နှင့် စပ်လျဉ်းသည့် အဆင့်မြင့်နည်းပညာရပ်များကို ဆက်လက်လေ့လာလိုသူများအတွက် အခြေခံအကျဆုံးအနေဖြင့် တက်ရောက်သင့်သော သင်တန်းဖြစ်ပြီး ထူးခြားချက်အနေဖြင့် Programming Language သုံးမျိုးကို ထည့်သွင်း သင်ကြားပေးထားခြင်းကြောင့် သင်တန်းပြီးဆုံးသူများအနေဖြင့် မိမိတို့နှစ်သက်ရာ Programming Language ကို ဆက်လက်လေ့လာသွားနိုင်မည်ဖြစ်သည်။

ယင်းသင်တန်းကို အနိမ့်ဆုံး အခြေခံပညာအထက်တန်းအဆင့်ရှိပြီး Computer အခြေခံရှိထားသူများမှ စတင်၍ Software Programmer ဖြစ်လိုသူ မည်သူမဆို တက်ရောက်နိုင်ကြမည်ဖြစ်ပြီး သင်တန်းကာလ သုံးလကြာမြင့်မည်ဖြစ်သည်။

စာရင်းပေးသွင်း

စိတ်ပါဝင်စား၍ တက်ရောက်လိုသူများသည် Myanmar Professionals Education Centre (MPEC) အမှတ် ၁၁၂ အခန်း (၁၁၊ ၁၂) (၈)မိုင် ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၆၈၇၇၉၊ ၆၆၈၂၅၉နှင့် ၆၅၀၁၂၄တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်း အပ်နှံနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဩဝါဒပါတိမောက် အခါတော်ပွဲနှင့် လမြတ်တပို့တွဲ

ရှိန်အောင်ဗိုလ်

မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီတွင် ဘုရားပွဲများနှင့် ပျော်ပွဲရွှင်ပွဲများပါဝင်ပါသည်။ နှစ်ဦးတန်ခူးလမှ စရေတွက်လျှင် နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်နှင့် နှစ်သစ်မင်္ဂလာအခါတော်နေ့။ ကဆုန်လညောင်ရေသွန်းပွဲနှင့်ဗုဒ္ဓအခါတော်နေ့။ နယုန်လစာပြန်ပွဲနှင့် မဟာသမယအခါတော်နေ့။ ဝါဆိုလ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဓမ္မစကြာအခါတော်နေ့။ ဝါခေါင်လ စာရေးတံပွဲနှင့် မေတ္တာအခါတော်နေ့။ တော်သလင်းလ လှေသဘင်ပွဲနှင့် ဂရုဓမ္မအခါတော်နေ့။ သီတင်းကျွတ်လ မီးထွန်းပွဲနှင့် အဘိဓမ္မာ အခါတော်နေ့။ တန်ဆောင်မုန်းလ ကထိန်အလှူပွဲနှင့် သာမညဖလအခါတော်နေ့။ နတ်တော်လ စာဆိုတော်ပွဲနှင့် ဓမ္မစာဆိုအခါတော်နေ့။ ပြာသိုလ မြင်းခင်းသဘင်ပွဲနှင့် ရှင်တစ်ထောင်အခါတော်နေ့။ တပို့တွဲလ ထမနဲပွဲနှင့် ဩဝါဒပါတိမောက် အခါတော်နေ့။ တပေါင်းလ သဲပုံစေတီပွဲနှင့် ပြည်တော်ဝင်အခါတော်နေ့ စသည့်တစ်နှစ်ပတ်လုံး ရာသီပွဲတော်များ ကျင်းပကြသည်။

တပို့တွဲလကိုမူ ထမနဲပွဲအဖြစ် နေရာအတော်များများတွင် သတ်မှတ်ကုသိုလ်ပြုလုပ် တပျော်တပါး လှူဒါန်းကြသည့်အပြင် ထိုတပို့တွဲလပြည့်နေ့ကို ဩဝါဒပါတိမောက် အခါတော်နေ့ဟု သတ်မှတ်ပါသည်။ တပို့တွဲလတွင် ဘုရားရှင်တိုင်းက တပည့်သားတို့အား ဩဝါဒပေးတော်မူသည်ကို အကြောင်းပြု၍ ထိုနေ့ကို "ဩဝါဒပါတိမောက်အခါတော်နေ့" ဟု ဆိုခြင်းဖြစ်သည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်များအတွက် သိမှတ်ဖွယ်ရာ အဖြာဖြာနှင့် ကျင့်ကြံအားထုတ်စရာများလည်းရှိချေသည်။

"ဩဝါဒပါတိမောက်" ဆိုသည်မှာ " အပါယ်ဘေးမှ ကင်းဝေးစေသောအဆုံးအမ" ဟု အဓိပ္ပာယ်ရပါသည်။ ထိုဩဝါဒ မိန့်ကြားတော်မူခြင်းကို ဩဝါဒပါတိမောက်ပြသည်ဟု ခေါ်ဆိုရပါသည်။

တပို့တွဲလပြည့်နေ့၏ ဘာသာရေးဆိုင်ရာ ထူးခြားချက်ကြီး (၄)ချက် ရှိပါသည်။

(က) အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ရဟန္တာဖြစ်သောနေ့ ဖြစ်ခြင်း။
(ခ) အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့အား မြတ်စွာဘုရားက အဂ္ဂသာဝကများ အဖြစ် သတ်မှတ်ပေးသောနေ့ ဖြစ်ခြင်း။
(ဂ) အင်္ဂါလေးရပ်နှင့်ပြည့်စုံ၍ စင်ကြယ်သော ရဟန်းပရိသတ်တို့ အလိုအလျောက် စုဝေးမိသောနေ့ဖြစ်ခြင်း။
(ဃ) ဘုရားရှင်တိုင်း ဩဝါဒပါတိမောက် ပြတော်မူသော နေ့ဖြစ်ခြင်း။

ဘုရားရှင်တို့သည် အောက်ဖော်ပြပါ အင်္ဂါလေးရပ်နှင့်ပြည့်စုံမှ ဩဝါဒပါတိမောက်ကို ပြပါသည်-
(က) တပို့တွဲလပြည့်နေ့ဖြစ်ခြင်း။
(ခ) ဧဟိဘိက္ခုရဟန္တာချည်းသာဖြစ်ခြင်း။
(ဂ) ပရိသမ္ဘိဒါပတ္တဆဠာဘိည ရဟန္တာချည်း ဖြစ်ခြင်း။
(ဃ) မည်သူမျှ မပင့်ဖိတ်ဘဲ အလိုအလျောက် စုဝေးမိခြင်း။

ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ဝါဆိုလပြည့်နေ့၌ ဓမ္မစကြာတရားဦး ဟောကြားတော်မူကာ တပို့တွဲလပြည့်နေ့တွင် အထက်ဖော်ပြပါအင်္ဂါလေးရပ်နှင့် ပြည့်စုံသော ကဿပညီနောင် ရှင်တစ်ထောင် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်နှင့် တပည့် ၂၅၀ စုစုပေါင်း ရဟန္တာ ၁၂၅၂ပါး တို့အား ဂါထာသုံးပုဒ်ဖြင့် ဩဝါဒပါတိမောက်ကို ပြတော်မူပါသည်။

ပါတိမောက်သည် ဩဝါဒပါတိမောက်၊ အာဏာပါတိမောက်ဟူ၍ နှစ်မျိုးရှိပါသည်။ ဩဝါဒပါတိမောက်ကို မြတ်စွာဘုရားတို့သာ ပြတော်မူပါသည်။ တပည့်သံဃာများ ပြခွင့်မရှိပါ။ တပည့်သံဃာများသည် အာဏာပါတိမောက်ကိုသာ ပြခွင့်ရှိပါသည်။

သက်တော်ရှည်သော ဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို အသက်ထက်ဆုံး ပြတော်မူပါသည်။ သက်တမ်းတိုသော ဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို ဝါတော် ၂၀ အတွင်းမှာသာ ပြတော်မူကြပါသည်။ လောဘ၊ ဒေါသစသော စရိုက်များ ထူပြောချိန်တွင် ဩဝါဒတည်မြဲရန် ခဲယဉ်းသောကြောင့် ဝါတော် ၂၀ လွန်လျှင် တပည့်သံဃာတို့အား အာဏာပါတိမောက်ကို ပြစေပါသည်။

ပိဋကတ်သုံးရပ်တွင်-ဝိနည်းပိဋကတ်သည် သီလသာသနာအတွက် ဖြစ်ပါသည်။

သုတ္တန်ပိဋကတ်သည် သမာဓိသာသနာအတွက် ဖြစ်ပါသည်။

အဘိဓမ္မာပိဋကတ်သည် ပညာသာသနာအတွက် ဖြစ်ပါသည်။

ဩဝါဒပါတိမောက်တွင် သဗ္ဗပါပဿ အကရဏံဖြင့် သီလသာသနာကို ညွှန်ပြပါသည်။

ကုသလဿ ဥပသမ္ပဒါဖြင့် သမာဓိသာသနာကို ညွှန်ပြပါသည်။

သစိတ္တပရိယောဒပနံဖြင့် ပညာသာသနာကို ညွှန်ပြပါသည်။

ထို့ကြောင့် ဩဝါဒပါတိမောက်ကို ပိဋကတ်သုံးပုံအချုပ်၊ သာသနာသုံးရပ်အချုပ်ဟု ဆိုသင့်သလို "ဗုဒ္ဓဝါဒ လမ်းစဉ်အကျဉ်းချုပ်" ဟုလည်း ခေါ်နိုင်ပါသည်။

ဩဝါဒပါတိမောက်တွင်-
(က) မကောင်းမှုဟူသမျှကို ရှောင်
(ခ) ကောင်းမှုဟူသမျှကို ဆောင်
(ဂ) မိမိစိတ်ကို ဖြူစင်အောင်ထား

ဟူသော ပိဋကတ်သုံးပုံကို ခြုံငုံမိသည့် လမ်းညွှန်ချက် (၃)ရပ်သည် လူမျိုးမရွေး၊ ဘာသာမရွေး ကျင့်သုံးနိုင်သည့်အပြင် ဘာသာရေးအတွက်သာ မဟုတ်ဘဲ စီးပွားရေး၊ လူမှုရေးလမ်းညွှန်မှုများပါ ဖြစ်သဖြင့် လူသားတိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သည့် ညွှန်ကြားချက်များ ဖြစ်ပါသည်။ ထို့ကြောင့် ဤတပို့တွဲလပြည့်နေ့သည် မမေ့စကောင်းသော နေ့ထူးနေ့မြတ်ကြီးဖြစ်ကြောင်း တွေ့ရပါသည်။

တပို့တွဲလသည် ကောက်ဦး၊ နှမ်းဦးများပေါ်သော လဖြစ်သောကြောင့် အရှင်ကောဏ္ဍညထုံး နှလုံးမူ၍ သူတော်ကောင်းကြီးများသည် ရှေးအခါမှ ယခုအချိန်အထိ တစ်အိမ် ကောက်ညှင်းတစ်ဆုပ်၊ နှမ်းတစ်ဆုပ် စသည်စုပေါင်း၍ နှမ်းမနဲများထိုးကာ တပို့တွဲလပြည့်နေ့တွင် ရဟန်းရှင်လူအားလုံးတို့သို့ စတုဒိသာ ကျွေးမွေး လှူဒါန်းလေ့ရှိပါသည်။ ဤနှမ်းမနဲပွဲသည် ဘာသာရေးအတွက် သက်သက်သာမဟုတ်ဘဲ ကျန်းမာရေး၊ ပျော်ရွှင်ရေး၊ လူမှုရေးအစရှိသည့် အမျိုးသားယဉ်ကျေးမှုကို ဘာသာရေးဖြင့် အမွှမ်းတင် ဆောင်ရွက်ထားသည်ကို တွေ့ရပါသည်။ တပို့တွဲလပြည့်နေ့သည် အထက်ပါ အကြောင်းအရာများကြောင့် ဘာသာရေးရှုထောင့်မှ ကြည့်ကြည့်၊ သာမန်လူသားတစ်ယောက် ရှုထောင့်မှကြည့်ကြည့် အလွန်ထူးကဲ မွန်မြတ်ပြီး မမေ့စကောင်းသော နေ့ထူးနေ့မြတ်ကြီး ဖြစ်သောကြောင့် ဤတပို့တွဲ လပြည့်နေ့ကို **"တပို့တွဲလပြည့် ဩဝါဒပါတိမောက် အခါတော်နှင့် ထမနဲပွဲတော်"** အဖြစ် သတ်မှတ်၍ ပူဇော်ခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ဆေးရုံသစ် ညွှန့်ခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစိန်းတို့ တက်ရောက်ချီးမြှင့် အားပေးကြစဉ်။ (သတင်းစဉ်)

ရှေ့ဖုံးမှ

ကြိုဆို

ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစိန်းနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစိန်းတို့သည် နံနက် ၁၀နာရီခွဲတွင် ကျင်းပသည့် ကန့်ဘလူမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့် အားပေးကြသည်။

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနား အစီအစဉ် ပထမပိုင်းကို ဆေးရုံသစ် အဆောက်အအုံ ဥပစာ၌ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေ့ဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဆေးရုံသစ်ကို တာဝန်ယူဆောက်လုပ်ခဲ့သည့် ထူးထရေးဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတေဇတို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဆေးရုံအလှူရှင် အေးမြစိုး ဖောင်ဒေးရှင်းကိုယ်စား ဦးကျော်ညွှန့်က ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဦးကျော်ညွှန့်နှင့် ဦးတေဇတို့က ဆေးရုံသစ် ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ဆေးရုံသစ် ညွှန့်ခန်းမ၌ ကျင်းပသည်။

ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆေးရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကို ခုတင် (၁၀၀)ဆံ့ အဖြစ်တိုးမြှင့်၍ ဒေသအတွင်း ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း၊ ကန့်ဘလူဒေသ၌ သာမက ပြည်ထောင်စုကြီး၏ ဒေသ အသီးသီး၌လည်း နိုင်ငံတော်အနေဖြင့် ဆေးရုံ၊ ဆေးပေးခန်းများကိုတိုးချဲ့၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း များကို ဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် အောင်မြင်မှု ရရှိလာခြင်းဖြစ်ကြောင်း၊ ခေတ်မီ ကန့်ဘလူဆေးရုံကြီးကို ငွေကြေးအကုန်အကျခံ လှူဒါန်းခဲ့ သော အေးမြစိုး ဖောင်ဒေးရှင်းကို လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကန့်ဘလူ၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ကသာ၊ ကျွန်းလှ၊ တမူး၊ မိုးကောင်း၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဝက်လက်၊ မုံရွာ စသည့် မြို့နယ်များမှ မျက်စိဝေဒနာရှင် များကို အားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ၏ သဒ္ဓါတရားထက်သန်မှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးပမ်းမှု၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ စောင့်ရှောက်မှုများကြောင့် ယခုကဲ့သို့

ထို့နောက် ကန့်ဘလူမြို့မှ မြို့မိ မြို့ဖတစ်ဦးဖြစ်သူ ဦးမြင့်ဆွေက ဆေးရုံသစ် တည်ဆောက်ဖွင့်လှစ်ပေး သည့်အတွက် ကျေးဇူးတင်စကား ပြောကြားပြီး ဆေးရုံသစ်အလှူရှင် အေးမြစိုးဖောင်ဒေးရှင်း ကိုယ်စား ဦးကျော်ညွန့်က ဝန်ကြီး ဒေါက်တာ ကျော်မြင့်ထံ ဆေးရုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်း ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကန့်ဘလူမြို့ မဟာ ရွှေစည်းကြီးစေတီတော် ဒသမအကြိမ် ဇဒ္ဒပူဇနီယပွဲတော် အထိမ်းအမှတ် အဖြစ် ကျင်းပသည့် မျက်စိဝေဒနာရှင် များအား အခမဲ့ ကုသပေးရန်အတွက် အလှူရှင်များဖြစ်ကြသည့် စစ်ကိုင်း တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ တို့ကလည်းကောင်း၊ အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီနှင့် တင်ဝင်းထွန်း ကုမ္ပဏီတို့ကလည်းကောင်း အလှူ ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် အလှူရှင်များဖြစ်ကြသည့် ဒေါ်အုံး ကြည်နှင့် ဒေါ်ခင်ညို၊ ဦးအေးထွန်းနှင့် ဇနီး ဒေါ်ထားထားဦး၊ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်စန်းစန်းလွင်၊ ကန့်ဘလူ မြို့နယ်အသင်း၊ မြန်မာမန္တလေး ကုမ္ပဏီလီမိတက်မှ ဦးသန်းဝင်း၊ ထာဝရသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိ တက်မှ ဦးမောင်ကိုနှင့် MGW Construction ကုမ္ပဏီလီမိတက်မှ ဦးဝင်း အောင်တို့က အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ် မြင့်စိုးက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်ဆင်ထား

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစိန်းနှင့်အဖွဲ့ဝင်များသည် ဆေးရုံ အတွင်းရှိ ခွဲစိတ်နှင့် အရိုးအကြော ကုသဆောင်၊ သားဖွားနှင့် မီးယပ် ကုသဆောင်၊ ဖျားနာကုသဆောင်နှင့် ကျောက်ကပ်သန့်စင်စက် တပ်ဆင်ထား မှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီးတို့သည် ကန့်ဘလူ၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ကသာ၊ ကျွန်းလှ၊ တမူး၊ မိုးကောင်း၊ ဗန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဝက်လက်၊ မုံရွာစသည့် မြို့နယ်များမှ မျက်စိကုသရန် ရောက်ရှိနေကြသော မျက်စိဝေဒနာရှင်များအား တွေ့ဆုံ၍ အားပေးစကား ပြောကြားကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ မျက်စိခွဲစိတ်ခန်း အတွင်း ပါမောက္ခများနှင့် မျက်စိအထူး ကုဆရာဝန်ကြီးများက အဖွဲ့လိုက်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ထူးထရေးဒင်း ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးတေဇတို့ ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

UMFCCI Training Institute Logo ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (Union of Myanmar Federation of Chambers of Commerce & Industry)၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်း ကော်မတီ (Human Resource Development Working Committee) ၏ စီမံခန့်ခွဲမှုအောက်၌ တည်ထောင် ဖွင့်လှစ်ထားသော UMFCCI Training Institute ကို ကိုယ်စားပြု၍ UMFCCI Training Institute ၏ ရည်ရွယ်ချက်၊ ဦးတည်ချက်တို့ကို ဖော်ဆောင်နိုင်သည့် အမှတ်တံဆိပ် Logo ဒီဇိုင်းတစ်ခုကို ပြိုင်ပွဲဖြင့် ရွေးချယ်သွားရန် စီစဉ်လျက်ရှိသည်။

ယှဉ်ပြိုင်ခွင့်

Logo ပြိုင်ပွဲသို့ ဒီဇိုင်းပညာရှင်များ၊ ပန်းချီပညာရှင်များ၊ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပထမဆု ကျပ် ၅၀၀၀၀၀ တစ်ဆုနှင့် နှစ်သိမ့်ဆု ကျပ် ၅၀၀၀၀ လေးဆုချီးမြှင့်မည်ဖြစ်သည်။ စည်းကမ်းချက်အချို့မှာ ပြိုင်ပွဲ ဝင်သူများသည် မိမိ၏ဓာတ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းအကျဉ်းကို ယှဉ်ပြိုင်ရန်တင်သွင်းသည့် Logo ဒီဇိုင်းနှင့်အတူ ပူးတွဲ တင်ပြရန်နှင့် တစ်ဦးလျှင် Logo ဒီဇိုင်း နှစ်မျိုးအထိ တင်ပြယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။

စုံစမ်းနိုင်

ပြိုင်ပွဲဝင် Logo ဒီဇိုင်းကို ဖေဖော်ဝါရီ ၂၆ရက် နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်ခံရရှိသော Logo ဒီဇိုင်းများကို ကျွမ်းကျင်ပန်းချီဒီဇိုင်းပညာရှင်များ ပါဝင်သည့်အဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည် ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကော်မတီ) UMFCCI Office Tower အမှတ်-၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၄၃၄၄-၄၉နှင့် ၂၁၇၂၁၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

(...)ဒနာရှင် (...)အတွက် (...)စစ်ကိုင်း (...)င့် ဖွံ့ဖြိုး (...)မျိုးသမီး (...)မိခင်နှင့် (...)အသင်း၊ (...)လးစောင့် (...)အဖွဲ့နှင့် (...)ရာအဖွဲ့ (...)အေးခိုင် (...)ငင်းထွန်း (...)အလှူ (...)ကြသည်။ (...)၁၀၀)ဆံ့ (...)င်အတွက် (...)ဒေါ်အုံး

လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်ဆင်ထား

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီးဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ ခွဲစိတ်နှင့် အရိုးအကြောကုသဆောင်၊ သားဖွားနှင့် မီးယပ်ကုသဆောင်၊ ဖျားနာကုသဆောင်နှင့် ကျောက်ကပ်သန့်စင်စက် တပ်ဆင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးတို့သည် ကန့်ဘလူ၊ ရေဦး၊ ခင်ဦး၊ ရွှေဘို၊ ကသာ၊ ကျွန်းလှ၊ တမူး၊ မိုးကောင်း၊ ဖန်းမောက်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဝက်လက်၊ မုံရွာစသည့် မြို့နယ်များမှ မျက်စိကုသရန် ရောက်ရှိနေကြသော မျက်စိဝေဒနာရှင်များအား တွေ့ဆုံ၍ အားပေးစကား ပြောကြားကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ မျက်စိခွဲစိတ်ခန်းအတွင်း ပါမောက္ခများနှင့် မျက်စိအထူးကုဆရာဝန်ကြီးများက အဖွဲ့လိုက် မျက်စိခွဲစိတ်ကုသနေမှုကို ကြည့်ရှုအားပေးကြသည်။

ခွဲစိတ်ကုသမှုအောင်မြင်

ကန့်ဘလူမြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီး၌ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ မျက်စိအထူးကုဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ဒေါ်ရူပါအောင် ခေါင်းဆောင်သော မျက်စိအထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ကြီးဌာန မျက်မမြင်ကာကွယ်ရေး စီမံချက်မှ စီမံချက်မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်ငြိမ်းလင်း၊ မျက်စိအထူးကုဆရာဝန်ကြီးများ ဖြစ်ကြသည့် ပါမောက္ခ ဦးသန်းအောင်၊ ပါမောက္ခ ဦးမြအောင်တို့ခေါင်းဆောင်သော မျက်စိအထူးကုဆရာဝန်များ၊ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံမှ တွဲဖက်ပါမောက္ခ ဒေါက်တာရဲလွင်နှင့် စစ်ကိုင်းတိုင်းအတွင်းရှိ ဆေးရုံများမှ မျက်စိအထူးကုဆရာဝန်များသည် တိုင်း၊ ခရိုင်နှင့် မြို့နယ် ကျန်းမာရေးဝန်ထမ်းများ၏ ပူးပေါင်းအထောက်အကူပြုမှုကို ရယူ၍ ဇန်နဝါရီ ၂၅ရက်မှ ၂၈ရက်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့ ကုသပေးခဲ့ရာ လာရောက်ပြသသည့် မျက်စိဝေဒနာရှင်ပေါင်း ၈၁၅၀၊ အကြီးစားခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်ပေါင်း ၅၈၁ဦး၊ အသေးစားခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်ပေါင်း ၃၃၁ဦးနှင့် မျက်မှန်တပ်ဆင်ပေးသည့် ဝေဒနာရှင်ပေါင်း ၄၀၀၀ ရှိပြီး မျက်စဉ်းဆေး ၆၀၀၀ ဝေငှပေးခဲ့ကာ ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ကန့်ဘလူမြို့ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးမှာ ကန့်ဘလူမြို့ အမှတ် (၃)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့် မြို့ရှောင်လမ်းထောင့်၌ တည်ရှိပြီး ဆေးရုံ ဧရိယာမှာ ၂၈ဧကကျယ်ဝန်းသည်။

တည်ဆောက်ထား

ဆေးရုံအဆောက်အအုံတွင် ပြင်ပလူနာဌာန၊ ကလေးကုသဆောင်၊ မီးယပ်နှင့် သားဖွားကုသဆောင်၊ ခွဲစိတ်နှင့် အရိုးအကြောကုသဆောင်၊ ဖျားနာကုသဆောင်နှင့် ခွဲစိတ်ဆောင် စသည့် ပင်မဆောင်ခြောက်ဆောင် ပါဝင်ပြီး ဝန်ထမ်းအိမ်ရာများကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။

ဆေးရုံသစ်ကြီးကို အလှူရှင် အေးမြစိုးဖောင်ဒေးရှင်းက လှူဒါန်းခဲ့ပြီး ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဆေးရုံကြီးကို ၂၀၀၉ခုနှစ် မေ ၁၀ရက်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



(...)ထွန်းနှင့် (...)င့်ဆွေနှင့် (...)န့်ဘလူ (...)မန္တလေး (...)ဉ်န်းဝင်း၊ (...)မ္ပဏီလီမိ (...)W Con- (...)မှ ဦးဝင်း (...)ပေးအပ်

တက်ရောက်ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် အားပေးစဉ်။ (သတင်းစဉ်)

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီး၌ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ မျက်စိအထူးကုဆရာဝန်ကြီးများ မျက်စိခွဲစိတ်ကုသနေကြစဉ်။ (သတင်းစဉ်)

(...)e Logo ပြိုင်ပွဲ ကျင်းပမည်

(...)၂၉

(...)င်နှုံးရှင်များအသင်းချုပ် (Union of Myanmar (...)စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်း (...)mittee) ၏ စီမံခန့်ခွဲမှုအောက်၌ တည်ထောင် (...) UMFCCI Training Institute ၏ ရည်ရွယ်ချက်၊ (...)ခုကို ပြိုင်ပွဲဖြင့် ရွေးချယ်သွားရန် စီစဉ်လျက်ရှိသည်။

(...)မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပထမဆု ကျပ် (...)မည်ဖြစ်သည်။ စည်းကမ်းချက်အချို့မှာ ပြိုင်ပွဲ (...)ပြိုင်ရန်တင်သွင်းသည့် Logo ဒီဇိုင်းနှင့်အတူ ပူးတွဲ (...)ပြိုင်ခွင့်ရှိကြောင်း သိရသည်။

(...)း၍ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်ခံရရှိသော (...)သို့အဖွဲ့ဖြင့် စိစစ်ရွေးချယ်သွားမည် ဖြစ်ပါသည်။ (...)မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (လှူ့စွမ်းအား (...)ffice Tower အမှတ်-၂၉ မင်းရဲကျော်စွာလမ်း (...)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဇန်နဝါရီ ၂၈ရက် ညနေ ၄နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ထန်းပင်ကုန်းကွင်း၌ ကျင်းပသည့် မြန်မာ့ရိုးရာ ထမနဲပွဲတော် ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထမနဲထိုးယှဉ်ပြိုင်

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူးသည် မဟာဝိဇယစေတီတော်၌ကျင်းပသည့် ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်

၂၉-၁-၂၀၁၀

လွိုင်လင်	-၁ ဒီဂရီစင်တီဂရိတ်
ဟားခါး	၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၂ ဒီဂရီစင်တီဂရိတ်

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmar သည် ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းနှင့် ကျောက်ဖြူဒေသ တစ်ဝိုက်၌ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော ကမ်းလွန်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်း ဆောင်ရွက်ရန် Pre- Engineering Survey တိုင်းတာမှုလုပ်ငန်းကို တိုင်းတာရေးရေယာဉ် MV Teknik Putra ဖြင့် ဖေဖော်ဝါရီ ၁ရက်မှ ၁၇ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

တိုင်းတာရေးလုပ်ငန်း

တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့်တည်နေရာများမှာ Point-1 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၄မိနစ် ၄၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၅မိနစ် ၀၅စက္ကန့်၊ Point-2 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၅မိနစ် ၃၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၅မိနစ် ၃၈စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၉မိနစ် ၄၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၄မိနစ် ၁၇စက္ကန့်၊ Point-4 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၀မိနစ် ၂၆စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၂မိနစ် ၃၄စက္ကန့်၊ Point-5 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၀မိနစ် ၅၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၄မိနစ် ၃၁စက္ကန့်၊ Point-6 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၅မိနစ် ၄၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၅၂မိနစ် ၃၄စက္ကန့်၊ Point-7 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၁မိနစ် ၁၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၁၂မိနစ် ၁၄စက္ကန့်၊ Point-8 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၇မိနစ် ၂၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၂၈မိနစ် ၃၃စက္ကန့်နှင့် Point-9 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၅မိနစ် ၃၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၃၀မိနစ် ၂၉စက္ကန့်အထိ ဖြစ်သည်။

အသိပေးကြေညာ

တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် လမ်းကြောင်းတစ်လျှောက် ဧရိယာမှ ၄ကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားရာ သင်္ဘောကြီးငယ်များ၊ ကုန်တင် စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဦးတည်ချက် (၅)ရပ်

၁။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

၂။ တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်း ကာကွယ် တားဆီးရေး၊

၄။ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

၅။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ ပဲခူးမြစ်ကူးတံတား(ကဝ)
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၀၅ ၂။ မြူးမြူးကြွကြွ ယှဉ်ကျေးမှုအက
၁၁:၁၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၁:၄၅ ၅။ Yan Can Cook
၁၂:၁၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၆၇)
၁၂:၅၅ ၇။ **မွေးကင်းစကလေးပြုစုစောင့်ရှောက်ရေး** (အပိုင်း-၁)
၁၃:၁၀ ၈။ တေးဂီတအစီအစဉ်
၁၃:၂၅ ၉။ **ဖန်ခါးမြေမှရထားလမ်းသစ်**
၁၃:၄၀ ၁၀။ အကပြိုင်ပွဲ
၁၃:၅၅ ၁၁။ **မျှော်ဒီပါမှာထွန်းတဲ့ကျွန်း** လွှင်မိုး၊ မင်းဦး၊ ခန့်စည်သူ၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-မောင်သီ)
၁၄:၃၀ ၁၂။ International News
၁၄:၄၀ ၁၃။ ဂီတသံစဉ်အလှဆင်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ နားဝင်ပီယံ သူ့လက်သံ
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ **တစ်သက်စာ**
၅:၃၅ ၈။ ကြံခင်းဘိလပ်မြေစက်ရုံ
၅:၄၅ ၉။ သူရွှေသီရာတေးကဗျာ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ **အလှရှာမယ် လှကမ္ဘာဝယ်**
၆:၄၀ ၁၃။ ယှဉ်တစ်ကိုယ်မယ် **ဆောင်းရဲ့ဆည်းဆာအလှ (အမရာမောင်) (ဒါရိုက်တာ-ခေတ်ဘုန်းမိုး)**
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၈)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကာတွန်းအစီအစဉ်
ဒိုင်နိုဆောမိသားစု စွန့်စားခန်း (အပိုင်း-၈၁)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေဖူးစာလည်** (အပိုင်း-၃)
၂၀။ **ဂီတတံခါးလေးဖွင့်ပါဦး**

ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းထွက်နေပြီ

ရန်ကုန် ဇန်နဝါရီ ၂၉

ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းတွင် စလင်းသန်းတင့်(ငဖဲ)၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ကျော်ဟန်(မြန်မာစာ)၊ မင်းယုဝေ၊ ညွှန့်ဝေ(ကသာ)၊ မောင်ရင်းနီး(မြန်မာစာ)၊ နုသဇင်တို့၏ကဗျာများ၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ စည်သူကျော်၊ မောင်မောင်ညှက်တို့၏ ကာတွန်းများ၊ ရှင်ဉာဏ(ဖျာပုံ)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ချစ်စံဝင်း၊ တင်သန်းဦး၊ မောင်ခင်မင်(ဓနုဖြူ)၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ ဗိုလ်ကလေးတင့်အောင်၊ မောင်စူးစမ်း၊ ကိုခန့်(သုတေသန)၊ ရဲမာန်ခ၊ ဥမ်းဖြူဇင်၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ မောင်ဘုန်း၊ လှထွန်းအောင်(ရူပဗေဒ)၊ ကျော်ဇောဟိန်း(ဒေါပုံ)၊ တာဝန်ခံစာတည်း၊ မြေလတ်မောင်ချစ်ဖူး၊ စိုးဝင်း(မြစ်ခြေ)၊ စံ-ဇာဏီဘိုတို့၏ဆောင်းပါးများ၊ ဆလိုင်းဈင်အောင်၊ ကို(တက္ကသိုလ်)၊ သူရိန်ဦး၊ ခင်မောင်အေး(မန္တလေး)၊ မြသီရိမွန်(နတ်တလင်း)၊ မျိုးမြင့်အောင်၊ နိုင်ဇော်တို့၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်သန်စေမှုရသ၊ ကျေးလက်သဘာဝရသများအပြင် မေတ္တာဖွဲ့ရသများပါဝင်သည့် ဝတ္ထုများကို ဖတ်ရှုကြရမည်ဖြစ်သည်။

ဝယ်ယူဖတ်ရှုနိုင်

မြဝတီမဂ္ဂဇင်းကို အမှတ် ၁၈၁၊ ၃၂လမ်းအထက် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆရာကြီးဦးသုခ၏ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်

ဂုဏ်ရည်မတူပြဇာတ် တင်ဆက်ကပြမည်

အမေး/အရေး-မြတ်သီတာလွင်နှင့် မျက်သွယ် (သတင်းအတတ်ပညာ)
ဓာတ်ပုံ-ဆွေဇင်တိုး(သတင်းအတတ်ပညာ) ➢ စာမျက်နှာဖွဲ့စည်းမှု-မိုးမိုးအောင်

ရန်ကုန် ဇန်နဝါရီ ၂၉

တစ်ချိန်က ရုပ်ရှင်အနုပညာလောက၌ နာမည်ကျော်ကြားခဲ့သော ဆရာကြီးဦးသုခသည် သက်ရှိထင်ရှားရှိခဲ့ပါက ၂၀၁၀ခုနှစ်တွင် နှစ်(၁၀၀)ပင် ပြည့်ခဲ့ပြီ။ ထိုရာပြည့် အထိမ်းအမှတ် အခမ်းအနားကို ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးခန်းမ၌ ဇန်နဝါရီ ၃၀ရက် နံနက် ၁၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ထိုအခမ်းအနားတွင် ဆရာကြီးဦးသုခအား ဂုဏ်ပြုသောအားဖြင့် ဆရာကြီး၏ ကျော်ကြားသော ဂုဏ်ရည်မတူဝတ္ထုကို ပြဇာတ်အသွင် အသက်သွင်း ကပြကြခြင်းဖြစ်သည်။ ရုပ်ရှင်၊ စာပေ အနုပညာနယ်ပယ်ပေါင်းများစွာတွင် အောင်မြင်ခဲ့သည့် ဆရာကြီးဦးသုခ၏ နှစ် (၁၀၀)ရာပြည့် အထိမ်းအမှတ်ပွဲတွင် အနုပညာ ရှင်ပေါင်းများစွာ ပါဝင်ဆင်နွှဲကြသည်။

"ဒီပွဲဟာ ဆရာကြီး၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်တဲ့ပွဲလည်း ဖြစ်ပါတယ်"
ဦးအောင်စိုးဦး(ဒါရိုက်တာ)
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး။

ပြဇာတ်

ပြဇာတ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် တွေ့ဆုံခဲ့ရာတွင် ဆရာဦးမြင့်သိန်းဖေက "၂၀၁၀ခုနှစ်မှာ ဆရာမြို့မငြိမ်း၊ ရှမဝ ဦးကျော်စတဲ့ နှစ်တစ်ရာပြည့်များစွာ

"အချိန်တိုအတွင်း စီစဉ်ရတဲ့အတွက် အခက်အခဲတော့ရှိပါတယ်"
ဇာတ်ညွှန်း အကယ်ဒမီငြိမ်းမင်း။

ရှိတဲ့ကြားထဲက ဆရာကြီး ဦးသုခ နှစ်(၁၀၀) ပြည့်အခမ်းအနားကို ရွေးချယ်တင်ပြခဲ့တာ ဖြစ်ပါတယ်။ ဒီလိုနှစ်(၁၀၀) ပြည့် အထိမ်းအမှတ်ကို မန္တလေးမှာ ပထမဦးဆုံး ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ရန်ကုန်မှာ ဆရာကြီးရဲ့ ရာပြည့်အခမ်းအနားကို ထပ်မံပြုလုပ်တာဖြစ်ပါတယ်" ဟု ရှင်းပြသည်။ ယခုပြဇာတ်ကို ရုပ်ရှင်အစည်းအရုံး၏ ဇာတ်လမ်းဇာတ်ညွှန်းအဖွဲ့က တာဝန်ယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပါဝင်ကပြမည်

ဂုဏ်ရည်မတူပြဇာတ်တွင် မင်းသားကျော်ကျော်ဗို၊ မင်းသမီး လင်းဇာနည်ဇော်၊ ဇာတ်မင်းသား နန်းဝင်းတို့မောင်နှမနှင့် အတူ အခြားအနုပညာရှင်ပေါင်းများစွာ ပါဝင်ကပြကြမည် ဖြစ်သည်။ ထိုပြဇာတ်ကို ဒါရိုက်တာအောင်စိုးဦးက ဦးဆောင်ကာ ဇာတ်ညွှန်းငြိမ်းမင်းက ပါဝင်ကူညီဆောင်ရွက်ပေးသည်။ ဂုဏ်ရည်မတူ ပြဇာတ်မှာဆရာကြီးဦးသုခ၏ ပထမဦးဆုံးသော ရုပ်ရှင်ကားဖြစ်သည်။ ထင်ရှားကျော်ကြားမှုလည်း ရရှိခဲ့သည်။ ထို့ကြောင့်ပင် ပြဇာတ်ကပြရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

"ဇာတ်ဝင်သီချင်းကို ဇာတ်ခုံပေါ်တွင် သူတောင်းစားပုံစံနဲ့ ဆိုဟန်ကို ကျွန်တော်ကိုယ်တိုင် သင်ကြားပေးခဲ့ပါတယ်"
မင်းသား(ဦး)နန်းဝင်း။

"ဒီလိုနှစ် (၁၀၀)ပြည့် အထိမ်းအမှတ်ကို ပထမဆုံးပြုလုပ်ခြင်း ဖြစ်ပါတယ်"
ဦးမြင့်သိန်းဖေ
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး။

ချစ်ဦးညို

ဆက်လက်ပြီ စာရေးဆရာ ချစ်ဦးညိုနှင့်တွေ့ဆုံရာခဲ့ရာ "ဂုဏ်ရည်မတူပြဇာတ်မှာ ဘဝသံသရာသီချင်းကို ကျွန်တော် ပါဝင်သီဆိုထားပါတယ်။ ပြဇာတ်မှာလည်း တစ်ခန်း ပါဝင်ထားပါတယ်။ ကိုယ့်အနုပညာကို တိုးတက်အောင် လုပ်ရင်းနဲ့ ရှေးလူကြီးတွေရဲ့ ကျေးဇူးကို ဆပ်ရာလည်း ရောက်တယ်ဆိုတဲ့ ဆန္ဒနဲ့ပါ"ဟုပြောကြားသည်။

ဦးအောင်စိုးဦး

ဒါရိုက်တာ ဦးအောင်စိုးဦးကလည်း ဆရာကြီး ဦးသုခ ရာပြည့်အခမ်းအနားနှင့် ပတ်သက်ပြီး "ဦးသုခဆိုတာ မြန်မာ့ယဉ်ကျေးမှုနဲ့ အမျိုးသား အမွေအနှစ်ထားခဲ့တဲ့ အနုပညာသည်တစ်ဦးပါ။ ဦးသုခအကြောင်းကို ညွှန်းဖွဲ့သီဆိုပြီးနောက် ကန်တော့တဲ့အခမ်းအနားလည်း ပါဝင်ပါမယ်။ အခုပွဲက ဆရာကြီးရဲ့ ဂုဏ်ကျေးဇူးကို ဖော်ထုတ်တဲ့ပွဲလည်း ဖြစ်ပါတယ်။ ထူးခြားတဲ့ နှစ်တစ်ရာပြည့် အထိမ်းအမှတ်ပွဲတစ်ပွဲလည်းဖြစ်ပါတယ်"ဟု ပြောကြားသွားသည်။

ဦးငြိမ်းမင်း

ဇာတ်ညွှန်း ဒါရိုက်တာ ဦးငြိမ်းမင်းကလည်း "ဒီပြဇာတ်ကို အချိန်တိုအတွင်း ရိုက်ကူးရတဲ့အတွက် အခက်အခဲတွေ အနည်းငယ်ရှိပါတယ်။ ဒါ့အပြင် ပြဇာတ်က တောင်းရမ်းစားသောက်သူနဲ့ ပတ်သက်လို့ ပြသထားတဲ့အတွက် သီချင်းဆိုရာမှာလည်း မင်းသား မင်းသမီးကဲ့သို့ မဆိုရဘဲ တောင်းရမ်းစားသောက်သူတစ်ဦးလို အသံနေအသံထားနဲ့ သီဆိုရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။ ထို့ပြင် "ဒီနေ့ခေတ်ကလေးတွေနဲ့ ပြန်လည်သရုပ်ဖော် ကပြနိုင်အောင် အားထုတ်ထားပါတယ်" ဟု ဦးငြိမ်းမင်းက ဆက်လက်ရှင်းပြသည်။

မင်းသားနန်းဝင်း

ထို့နောက် ဆရာကြီး ဦးသုခ၏ တပည့်တစ်ဦးဖြစ်သော မင်းသားဦးနန်းဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ- "ဆရာကြီးကိုယ်တိုင် ပါဝင်ကပြထားတဲ့ ကိုသီလနေရာမှာ ကိုယ်တိုင်ကပြရမှာဖြစ်တဲ့အတွက် ဝမ်းသာကြည်နူးမိကြောင်း၊ ဆရာကြီးကလည်း မိမိသာမက ညီမဖြစ်သူနန်းခင်မွေးတို့ကို ပြဇာတ်နှင့်ပတ်သက်၍ ဂုဏ်ရည်မတူ ဇာတ်ဝင်သီချင်းကို ဇာတ်ခုံပေါ်တွင် ဆိုနည်း၊ တောင်းရမ်းစားသုံးသူပုံစံနှင့် ဆိုပုံဆိုနည်းတို့ကို ကိုယ်တိုင်သင်ကြားပေးခဲ့ပြီး ဆရာကြီးရဲ့ပြဇာတ်ကို မိမိ၏ဇာတ်ပွဲများတွင် အမြဲတမ်းလိုပင် တင်ပြကာ ပူဇော်မြဲဖြစ်ပါကြောင်း၊ ယခု ဆရာကြီး ဦးသုခ၏ နှစ်တစ်ရာပြည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသည့်ပွဲကို ရုပ်ရှင်လောကသားများက သိုက်သိုက်ဝန်းဝန်းဖြင့် **"ဂုဏ်ရည်မတူ"** ပြဇာတ်တင်ဆက်ကပြမှု၊ ဇာတ်ဝင်တေးသီချင်းတွေနှင့် ပူဇော်ကျေးဇူးဆပ်ခွင့်ကို ဆရာကြီးဦးသုခအနေဖြင့် ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေဟု ဆုတောင်းပါကြောင်း" ပြောကြားသည်။

လင်းဇာနည်ဇော်

ဆက်လက်၍ ရုပ်ရှင်သရုပ်ဆောင် လင်းဇာနည်ဇော်ကလည်း "အနုပညာ

"ကိုသီလ၏ ညီမအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်"
လင်းဇာနည်ဇော်(သရုပ်ဆောင်)

လောကမှာသာမက နယ်ပယ်စုံမှာ အောင်မြင်ကျော်ကြားခဲ့သည့် ဆရာကြီး ဦးသုခ၏ ဂုဏ်ရည်မတူပြဇာတ်တွင် ကိုသီလ ၏ညီမဖြစ်သူ မာမာနေရာတွင် ပါဝင်တင်ဆက်ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း" ပြောကြားသွားသည်။

ဆရာကြီး၏ ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ဝါရင့်အနုပညာရှင်၊ အတတ်ပညာရှင်များသာမက ရုပ်ရှင်လောက၏ တက်သစ်စ သရုပ်ဆောင်များ ပါဝင်သည့် ဗီဒီယိုဇာတ်ကား ၁၁ကားနှင့် ရုပ်ရှင်ကားကြီးတစ်ကားကို ရိုက်ကူးထားသည့် သရုပ်ဆောင် ထိုက်တန်ကလည်း "ဆရာကြီး ဦးသုခကို မမြင်တွေ့ဖူးပေမယ့်လည်း ဆရာကြီးကို လေးစားအတုယူမိပါတယ်။ ဒီပြဇာတ်မှာ ပန်းချီဆရာ ကိုမိုးအနေနဲ့ ပါဝင်သရုပ်ဆောင်ဖို့ ဆရာငြိမ်းမင်း၊ ဒါရိုက်တာ ဦးအောင်စိုးဦးနဲ့ ဦးနန်းဝင်းတို့ရဲ့ ဖိတ်ခေါ်မှုကြောင့်သာမက မိမိရဲ့ဆန္ဒအရလည်းပါဝင်ရန် စိတ်အားထက်သန်မိပါတယ်"ဟု ပြောကြားပြီး ယခုအခမ်းအနားတွင် အဖွဲ့လိုက် ဇာတ်ဝင်

"ဂုဏ်ရည်မတူ ပြဇာတ်မှာ တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်"
ကြယ်စင်စိုးမိုး (သရုပ်ဆောင်)။

တေးသီချင်းတစ်ပုဒ်နှင့် တေးသရုပ်ဖော်တစ်ကွက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ တစ်ဖန် သရုပ်ဆောင်ကြယ်စင်စိုးမိုးကလည်း "ဆရာကြီး၏ ဂုဏ်ရည်မတူ ပြဇာတ်တွင် တစ်ထောင့်တစ်နေရာမှပါဝင်ရသည့်အတွက် ဝမ်းသာမိကြောင်း၊ ဆရာကြီး ဦးသုခကိုလည်း အစဉ် လေးစားမိပါကြောင်း" ဖြင့် ပြောကြားသည်။

မြန်မာ့ရုပ်ရှင်အစည်းအရုံး ရုပ်ရှင်ခန်းမကြီးအတွင်း၌ မိမိနေရာ မိမိတာဝန်အသီးသီးဖြင့် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားအတွက် အားတက်သရော လုပ်ဆောင်နေကြသည့် ရုပ်ရှင်လောကသားများ၊ ပညာရှင်များ၏ အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများသည် ရုပ်ရှင်၊ စာပေ၊ ဂီတ၊ ဇာတ်သဘင်လောကတွင် အောင်မြင်ကျော်ကြားခဲ့သည့် ဆရာကြီး ဦးသုခ၏ အနုပညာ အရည်အသွေး၊ ဂုဏ်ကျေးဇူးများကို မြန်မာ့ရုပ်ရှင်လောက၌ သမိုင်းတွင်စေသည့် ကြိုးစားဆောင်ရွက်မှုပင်ဖြစ်ပါကြောင်း တွေ့ဆုံမေးမြန်း သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဂုဏ်ရည်မတူပြဇာတ် ဇာတ်ဝင်ခန်းအတွက် ဤသို့သီချင်းတိုက်နေကြသည်။

"ပြဇာတ်မှာ ကျရာနေရာမှ ပီပြင်အောင် ပါဝင်သရုပ်ဆောင်ထားပါတယ်"
စာရေးဆရာချစ်ဦးညို။

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု၍ ပင်လုံ-ဆနင်းကျောက်ချော လမ်းသစ် ဖွင့်လှစ်ပွဲကို ဇန်နဝါရီ ၂ရက်က အဆိုပါ ကျောက်ချောလမ်းသစ်တွင် ကျင်းပရာ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦး ကျော် ခိုင် စိုး၊ လွိုင် လင် မြို့ နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်နှင့် နယ်မြေခံတပ်ရင်းမှ ဗိုလ်မှူးကျော်စံဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ခရိုင်ချင်းဆက်လမ်း

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ရမည်းသင်းမြို့နယ်အပိုင်း ကတ္တရာလမ်းခင်းမှုကို ကြည့်ရှုစစ်ဆေးရာ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးသောင်းလွင်တို့ ရှင်းလင်းပြသစဉ်။
(သတင်းစဉ်)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင်-စုစည်းသည်

ဂျွန်ဆင်အား မစ်ဒယ်ဘရော့ ခေါ်ယူရေးနီးစပ်

အသက် ၂၂ နှစ်အောက် အင်္ဂလန်တောင်ပံကစားသမားဟောင်း အဒမ်ဂျွန်ဆင်အား ခေါ်ယူရန် မန်စီးတီးနှင့် မစ်ဒယ်ဘရော့တို့ အပြိုင်ကြိုးစားနေကြပြီး ၄င်းအား ပြောင်းရွှေ့ကြေး ပေါင် ၉သန်းဖြင့် မစ်ဒယ်ဘရော့က ခေါ်ယူရေးနီးစပ်နေပြီဖြစ်ကြောင်း ဒေးလီးအိတ်စ်ပရက်စ်၌ ဖော်ပြသည်။

ဟန်တယ်လာ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့မည်မဟုတ်

နယ်သာလန်နှင့် အေစီမီလန်တိုက်စစ်မှူး ဟန်တယ်လာအား အာဆင်နယ်၊ အဲဗာတန်၊ ဝက်စ်ဟမ်းနှင့် စပါးတို့က ခေါ်ယူရန်စိတ်ဝင်စားနေကြကြောင်း၊ သို့သော် ဟန်တယ်လာက အပြောင်းအရွှေ့ရာသီကုန်သည်အထိ ပရီမီယာလိဂ်သို့ ပြောင်းရွှေ့မည်မဟုတ်ဟုဆိုကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ပက်ဗလူချင်ကိုအား ဘာမင်ဂမ်ကမ်းလှမ်းမှု စပါးငြင်းပယ်

ဘာမင်ဂမ်အသင်းက စပါးတိုက်စစ်မှူး ပက်ဗလူချင်ကိုအား ပြောင်းရွှေ့ကြေး ပေါင် ရှစ်သန်းဖြင့်ကမ်းလှမ်းခဲ့မှုကို စပါးအသင်းက ငြင်းဆိုခဲ့ကြောင်း၊ စပါးအသင်းအနေဖြင့် ပက်ဗလူချင်ကိုအတွက် ပြောင်းရွှေ့ကြေး ပေါင်၁၄သန်းရရှိလိုကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

ကဘူးလ်နှင့်ဘီဂိုဗစ်တို့ စပါးသို့ရောက်ရှိရေးနီးစပ်

ပို့စ်မောက်ဗဟိုခံစစ်မှူး ယွန်နက်စ်ကဘူးလ်နှင့် ဂိုးသမား အက်စ်မီရ်ဘီဂိုဗစ်တို့ စပါးသို့ရောက်ရှိရေး နီးစပ်နေပြီဖြစ်ကြောင်း အင်တာနက်၌ဖော်ပြသည်။

တိုက်စစ်မှူး ဒင်ဒါနီအားခေါ်ယူရန် ဘာမင်ဂမ် ပစ်မှတ်ထား

ယခုဘောလုံးရာသီတွင် ပို့စ်မောက်အသင်း၌ အငှားစာချုပ်ဖြင့်ကစားနေသူ လန်းစ်တိုက်စစ်မှူး အရူနာဒင်ဒါနီအား ဘာမင်ဂမ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ပရက်စ်အဆိုစီရေးရှင်း၌ ဖော်ပြသည်။

စထရီလာအား ဖူလ်ဟမ်ကခေါ်ယူရေးပျက်ပြယ်

အက်စ်စီဘေဆယ်မှ အသက် ၂၈ နှစ်အရွယ် တိုက်စစ်မှူး မာကိုစထရီလာအား ဖူလ်ဟမ်ကခေါ်ယူရေး အိပ်မက်မှာ ပျက်ပြယ်သွားပြီဖြစ်ကြောင်း၊ အကြောင်းမှာ ဆွစ်ဇာလန်လက်ရွေးစင်ကစားသမား စထရီလာက ဇာတိနိုင်ငံတွင်သာ ဆက်ကစားရန်ဆုံးဖြတ်လိုက်သောကြောင့်ဖြစ်ကြောင်း အိုင်အမ်စကောက်တီး၌ ဖော်ပြသည်။

ဂါဂို ရီရဲမက်ဒရစ်၌ဆက်နေမည်ဟုဆို

မန်စီးတီးအသင်းသည် ရီရဲမက်ဒရစ်မှ အသက် ၂၃နှစ်အရွယ်ရှိ အာဂျင်တီးနား ကွင်းလယ်ကစားသမား ဖာနန်ဒိုဂါဂိုအား အငှားစာချုပ်ဖြင့် စာချုပ်ခေါ်ယူလိုကြောင်း၊ သို့သော်လည်း ဂါဂိုက ရီရဲမက်ဒရစ်၌သာ ဆက်နေမည်ဟု ဆိုကြောင်း မန်ချက်စတာအီးဗနင်းနယူးစ်၌ ဖော်ပြသည်။

ဝီလ်ရှီရီအား ဘော်လ်တန်နည်းပြ ကွိုင်လီအငှားစာချုပ်မည်

ဘော်လ်တန်နည်းပြ အိုဝင်ကွိုင်လီသည် ၄င်း၏တတိယမြောက် စာချုပ်ခေါ်ယူမှုအဖြစ် အာဆင်နယ်ကွင်းလယ်ကစားသမား ဂျက်ခ်ဝီလ်ရှီရီအား အငှားစာချုပ်ခေါ်ယူမည် ဖြစ်ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

ဂိုးသမား ဂိုမက်စ်အားခေါ်ယူရန် စပါးစီစဉ်

စပါးအသင်းနည်းပြ ဟာရီရက်နက်သည် ဘရာဇီးလူမျိုး ဂိုးသမား ဟူရီလိုဂိုမက်စ်အားခေါ်ယူရန် စီစဉ်နေကြောင်း ဒေးလီးမေရာ၌ ဖော်ပြသည်။

ခံစစ်မှူးတေလာ နယူးကာဆယ်နှင့် အငှားစာချုပ်ရေး ဆွေးနွေး

အသက် ၃၀ရှိ ဘာမင်ဂမ်ဗဟိုခံစစ်မှူး မာတင်တေလာသည် လက်ကျန်ရာသီတွင် နယူးကာဆယ်သို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားရန် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဒေးလီးမေရာ၌ ဖော်ပြသည်။

တိုက်စစ်မှူး ဒေါ်နယ်လ်အား မစ်ဒယ်ဘရော့ကမ်းလှမ်း

မစ်ဒယ်ဘရော့အသင်းသည် ဆဲလ်တစ်အသင်းမှ ဩစတြေးလျ တိုက်စစ်မှူး စကော့မက်ဒေါ်လ်နယ်အား ပေါင်သုံးသန်းခွဲဖြင့် ကမ်းလှမ်းခဲ့ကြောင်း သည်ဆန်း၌ ဖော်ပြသည်။

တိုက်စစ်မှူး ဘင်ဂျာနီအား ဆန်းဒါးလန်း ကမ်းလှမ်း

ဆန်းဒါးလန်းအသင်းသည် မန်စီးတီးမှ ဇင်ဘာဘွေတိုက်စစ်မှူး ဘင်ဂျာနီအား ပေါင်တစ်သန်းခွဲဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့ကြောင်း ဒေးလီးမေးလ်၌ ဖော်ပြသည်။

အဝေးကွင်းအမှတ်ပြည့်ရရေး သတိထားကစားရမယ့် မန်ယူ ဇယားထိပ်၌ ရပ်တည်နိုင်ရေးသုံးမှတ်ယူမယ့် ချယ်လ်ဆီးတို့ရဲ့ ပရီမီယာလိဂ်အကြို

ရေးသူ - ထင်ကျော်ထက် ➤ စာမျက်နှာဖွဲ့စည်းမှု - လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

လန်ဒန် ဇန်နဝါရီ ၂၉

ပရီမီယာလိဂ်ပွဲစဉ်(၂၄)ကို ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ ဇန်နဝါရီ ၃၀ရက် **(ယနေ့)**မှာ ဘာမင်ဂမ်နဲ့စပါး၊ ဖူလ်ဟမ်နဲ့ အက်စ်တွန်ဗီလာ၊ ဟူးလ်စီးတီးနဲ့ ဝူဗာဟမ်တမ်၊ လီဗာပူးနဲ့ ဘော်လ်တန်၊ ဝက်စ်ဟမ်းနဲ့ ဘလက်ဘန်း၊ ဝီဂန်နဲ့ အဲဗာတန်၊ ဘန်လေနဲ့ ချယ်လ်ဆီး၊ ဇန်နဝါရီ ၃၁ရက်မှာ မန်စီးတီးနဲ့ ပို့စ်မောက်၊ အာဆင်နယ်နဲ့ မန်ယူတို့ ယှဉ်ပြိုင်ကစားကြရမှာပါ။

ဘာမင်ဂမ်နဲ့ စပါး

ပရီမီယာလိဂ်ဇယား အဆင့်(၈)နဲ့ အဆင့်(၄)မှာ ရပ်တည်နေကြတဲ့ ဘာမင်ဂမ်တို့ ဆုံတွေ့ကြတဲ့ပွဲပါ။ ပထမအကျော့ စပါးအိမ်ကွင်းမှာ စပါးက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ မာတင်၊ တေလာ၊ လီဘောင်ယာ၊ ကီဗင်ဖိလစ်တို့ ပါဝင်တဲ့စပါးကို ဘာမင်ဂမ်တို့ ကြံ့ကြံ့ခံနိုင်ရင် သရေတစ်မှတ် ရယူနိုင်မှာပါ။ ဒါပေမယ့် စပါးဟာ ဒီရာသီမှာ အိမ်ကွင်းရော အဝေးကွင်းပါ ခြေစွမ်း ပြနိုင်တာမို့ ဒီပွဲဟာလည်း စပါးရဲ့ပွဲပဲလို့ ဆိုချင်ပါတယ်။

ဖူလ်ဟမ်နဲ့ အက်စ်တွန်ဗီလာ

အမှတ်ပေးဇယား အဆင့် (၁၀)က ဖူလ်ဟမ်နဲ့ အဆင့်(၇)က ဗီလာတို့ တွေ့ဆုံကြတဲ့ပွဲဖြစ်ပါတယ်။ ပထမ အကျော့မှာ ဗီလာက အိမ်ကွင်း၌ ဖူလ်ဟမ်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိထားပါတယ်။ ဖူလ်ဟမ်တို့အိမ်ကွင်းဆိုပေမယ့် ရစ်ချတ်ဒန်း၊ ဒေါင်းနင်း၊ အက်ရှ်လေယန်းတို့ ပါဝင်ပြီးအိမ်ကွင်းရော အဝေးကွင်းမှာပါ ခြေစွာနေတဲ့ဗီလာတို့ဆီက တစ်မှတ်ကိုတောင် ခက်ခက်ခဲခဲယူရမှာပါ။ ညေ့သည် ဗီလာတို့ပဲ အမှတ်ပြည့်ရယူသွားမယ့် အနေအထားရှိပါတယ်။

ဟူးလ်စီးတီးနဲ့ ဝူဗာဟမ်တမ်

အမှတ်ပေးဇယားရဲ့ အဆင့်(၁၉)က ဟူးလ်စီးတီးနဲ့အဆင့်(၁၇)က ဝူဗာဟမ်တမ်တို့ တွေ့ဆုံကြတာပါ။ ပထမအကျော့ ဝူဗာဟမ်တမ်ကွင်းမှာ တစ်ဂိုးစီသရေကျထားပါတယ်။ ခြေသိပ်မကျတဲ့ အသင်းမို့ တစ်မှတ်စီသာ ခွဲယူရဖို့ အလားအလာများနေပြီး အိမ်ရှင်တို့ အမှတ်ပြည့် လိုချင်ရင် သတိထား ကစားရမယ့်ပွဲပါပဲ။

လီဗာပူးနဲ့ ဘော်လ်တန်

လီဗာပူးက အမှတ်ပေးဇယားအဆင့် (၅)နေရာမှာရပ်တည်ပြီး ဘော်လ်တန်က တော့ အဆင့် (၁၅)မှာ ရပ်တည်နေပါတယ်။ ပထမအကျော့ ဘော်လ်တန်အိမ်ကွင်းမှာ

မန်ယူအတွက် ဂိုးများသွင်းယူပေးနေတဲ့ တိုက်စစ်မှူး ရွန်နေ။

လီဗာပူးက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ဘော်လ်တန်ဟာ တန်းဆင်းဇုန်နားနီးကပ်နေတာမို့ တန်းမဆင်းရရေး ရုန်းကန်ကြိုးစားမှာပါ။ ဒဏ်ရာရ တိုက်စစ်မှူး တောရက်စ်ပါဝင်နိုင်ရေး မသေချာသေးတဲ့ လီဗာပူးက အိမ်ရှင်ဆိုပေမယ့်လည်း သတိထားကစားရမှာပါ။ လီဗာပူးတို့ အမှတ်ပြည့်ရယူနိုင်ခြေရှိပေမယ့် ခြေပျက်နေတဲ့ လီဗာပူးတို့ ညေ့သည်ကို တစ်မှတ်ပေးရဖို့ အခြေအနေရှိနေပါတယ်။

ဝက်စ်ဟမ်းနှင့် ဘလက်ဘန်း

အမှတ်ပေးဇယား အဆင့်(၁၆)မှာ ရပ်တည်နေတဲ့ ဝက်စ်ဟမ်းဟာ အဆင့်(၁၁)မှာ ရပ်တည်နေတဲ့ ဘလက်ဘန်းကို ပထမအကျော့ အဝေးကွင်းမှာ ဂိုးမရှိ သရေကျအောင် စွမ်းဆောင်ထားနိုင်ပါတယ်။ အပွဆန်၊ဘက်ချ်ရာမီ၊ ကာလ်တန်ကိုးလ်တို့ ပါဝင်ဖွယ်ရှိတဲ့ အိမ်ရှင် ဝက်စ်ဟမ်းဟာ ညေ့သည်ဘလက်ဘန်းဆီက အမှတ်ပြည့်ရယူဖို့ စွမ်းဆောင်မှာဖြစ်ပြီး ပေးရရင်လည်း တစ်မှတ်ပဲပေးဖို့ရှိပါတယ်။

ဝီဂန်နှင့် အဲဗာတန်

ဝီဂန်ဟာ အမှတ်ပေးဇယားအဆင့် (၁၄)မှာ ရပ်တည်နေပြီး အဆင့်(၉)မှာ ရပ်တည်နေတဲ့ အဲဗာတန်ကို ပထမ အကျော့တုန်းက နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ထားပါတယ်။ တင်ကာဟေးလ်၊ ဖယ်လိုင်နီ၊ ဆာဟာ၊ ယာကူဘူတို့ ပါဝင်တဲ့ အဲဗာတန်အသင်းဟာ အသင်းကြီးတွေကိုတောင် အနိုင်ယူလေ့ရှိတဲ့ အသင်းမို့ အိမ်ရှင်ဝီဂန်တို့ သရေတစ်မှတ်ရယူဖို့တောင် မလွယ်ပါဘူး။ ညေ့သည် အဲဗာတန်တို့ပဲ အမှတ်ပြည့်ရယူသွားမှာပါ။

ဘန်လေနှင့် ချယ်လ်ဆီး

ပရီမီယာလိဂ်ဇယားထိပ်က ချယ်လ်ဆီးနဲ့ တန်းဆင်းဇုန်ထဲရောက်နေတဲ့ အဆင့်(၁၈)က ဘန်လေတို့ တွေ့ဆုံကြတဲ့ပွဲပါ။ ပထမအကျော့မှာ ချယ်လ်ဆီးက အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိထားပါတယ်။ ဘန်လေတို့ အိမ်ကွင်းဆိုပေမယ့် အမှတ်တစ်မှတ်တောင်ရဖို့မလွယ်ပါဘူး။ အသင်းလိုက်စုစည်းအားကောင်းပြီး ရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်နိုင်တဲ့ ဒရော့ဂ်ဘာ၊ လမ်းပတ်၊တယ်ရီတို့အုပ်စုကပဲ သုံးမှတ်ရယူမှာပါ။

မန်စီးတီးနှင့် ပို့စ်မောက်

အဆင့်(၆)က မန်စီးတီးနဲ့ ဇယားအောက်ဆုံးက ပို့စ်မောက်တို့ တွေ့ဆုံကြမယ့်ပွဲပဲဖြစ်ပါတယ်။ ပထမအကျော့ ပို့စ်မောက်အိမ်ကွင်းမှာ မန်စီးတီးက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိထားပါတယ်။ ကိုလိုတိုရေး၊ ဘာရီ၊ ဗီအဲရာ၊ ဘယ်လာမီ၊ တီဗက်ဇ်

အာဆင်နယ်အတွက် အားထားရတဲ့ ကွင်းလယ် ကစားသမား ဖာဘရီဂတ်စ် ။

တို့ ပါဝင်လာနိုင်ပြီး အမှတ်ပြည့် ရယူသွား ဖွယ်ရှိပါတယ်။

အာဆင်နယ်နဲ့ မန်ယူ

အမှတ်ပေးဇယား ဒုတိယနေရာက မန်ယူနဲ့ တတိယနေရာက အာဆင်နယ်တို့ ထိပ်တိုက်တွေ့ဆုံကြတဲ့ပွဲပါ။ ပထမအကျော့မှာ မန်ယူက အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားခဲ့ပါတယ်။ မန်ယူမှာ ဘရောင်း၊ အီဗရာ၊ နဗီးလ်၊ ကာရစ်၊ ဂစ်၊ ရွန်နေ၊ ဘာဘာတော့ဗ်၊ ဗလင်စီယာတို့ လူစုံတက်စုံ ပါဝင်လာနိုင်သလို အာဆင်နယ်မှာလည်း ဆိုးကင်းဘဲလ်၊ ကလစ်ချီ၊ ဂစ်ဘ်၊ ဒီယာဘီ၊ အာရှာဗင်၊ ဖာဘရီဂတ်စ်၊ ဘင့်တနာ၊ အီဒွါဒို၊ ဗန်ပါစီတို့နဲ့ လူစုံတက်စုံ ပွဲထွက်လာနိုင်ပါတယ်။

မန်ယူက ချယ်လ်ဆီးကို ဆက်လက်ဖိအားပေးမှာ ဖြစ်သလို အာဆင်နယ်ကလည်း အိမ်ကွင်းမှာ အမှတ်ပြည့် ရရေး အစွမ်းကုန်ကြိုးပမ်းမှာဖြစ်လို့ နှစ်သင်းစလုံး အမှားမခံတဲ့ပွဲပါပဲ။ မန်ယူတို့ အဝေးကွင်းမှာ အမှတ်ပြည့်ရယူနိုင်ဖို့ သတိထားကစားရမယ့်ပွဲဖြစ်ပါတယ်။

ကိုးကား-အင်တာနက်

တိုက်စစ်မှူး ဂွတ်ဂျွန်ဆင်အား စပါးအသင်း အငှားစာချုပ်တော့မည်

လန်ဒန် ဇန်နဝါရီ ၂၉

ချယ်လ်ဆီးနှင့် ဘာကာ တိုက်စစ်မှူးဟောင်း ဂွတ်ဂျွန်ဆင်အား ယခုနှစ်ရာသီကုန်သည်အထိ စပါးက အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၃၁နှစ်ရှိ အိုက်စလန် တိုက်စစ်မှူး ဂွတ်ဂျွန်ဆင်ကို လန်ဒန် ပြိုင်ဘက် ဝက်စ်ဟမ်းကလည်း စိတ်ဝင်စားခဲ့သည်။ သို့သော်လည်း စပါးက ခေါ်ယူရေး



သဘောတူပြီးဖြစ်၍ စာချုပ်ရန် ဆေးစစ်ဆေးမှုခံယူနေကြောင်းသိရသည်။ ဂွတ်ဂျွန်ဆင်သည် ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်က ချယ်လ်ဆီးနှင့်အတူ ပရီမီယာလိဂ်ဖလားများ ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်ကလည်း ဘာကာကို ဖလားများ ဆွတ်ခူးနိုင်ရေး ကစားပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

အာဖရိကနိုင်ငံများဖလား အီဂျစ်နှင့် ဂါနာဗိုလ်လုမည်

လောက်ဒါ ဇန်နဝါရီ ၂၉

အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲအကြိုဗိုလ်လုပွဲများကို အင်ဂိုလာနိုင်ငံ၌ ဇန်နဝါရီ ၂၈ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ လက်ရှိချန်ပီယံ အီဂျစ်က အယ်လ်ဂျီးရီးယားကို လေးဂိုးပြတ်ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ အီဂျစ်အသင်းအတွက် အနိုင်ဂိုးများကို ရာဘိုး၊ မိုဟာမက်ဇီဒန်း၊ အဒယ်ရာဖီနှင့် မိုဟာမက်ဂျီဒိုတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အီဂျစ်အသင်းသည် ယင်းပြိုင်ပွဲ အနိုင်ရလိုက်၍ သုံးနှစ် ဆက်တိုက် အာဖရိကနိုင်ငံများဖလားဆွတ်ခူးရန် အသင့်ဖြစ်နေသည်။

အခြားအကြိုဗိုလ်လုပွဲအဖြစ် ဂါနာနှင့် နိုင်ဂျီးရီးယားတို့ ယှဉ်ပြိုင်ကစားကြရာ အဆာမော့ရိုင်ယန်၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ဂါနာတို့ ဗိုလ်လုပွဲတက်ရောက်လာသည်။ ဂါနာအသင်းသည် ၁၉၉၂ခုနှစ် နောက်ပိုင်း ပထမဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၃ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

(အင်တာနက်)

တိုက်စစ်မှူးရော်ဘင်ဟို ဘရာဇီးသို့ ပြန်သွားပြီ

လန်ဒန် ဇန်နဝါရီ ၂၉

မန်စီးတီးတွင် မပျော်ပိုက်သော ဘရာဇီးတိုက်စစ်မှူး ရော်ဘင်ဟိုသည် အသင်းဟောင်း ဆန်းတို့စ်သို့ ခြောက်လအငှားစာချုပ်ဖြင့် ပြန်သွားပြီဖြစ်သည်။

တိုက်စစ်မှူး ရော်ဘင်ဟိုသည် ၂၀၀၈ခုနှစ်က ဗြိတိသျှပြောင်းရွှေ့ကြေးစံချိန် ပေါင် ၃၂ဒသမ၄သန်းဖြင့် ရီရဲမက်ဒရစ်မှ မန်စီးတီးသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

အသက် ၂၆နှစ်ရှိ ရော်ဘင်ဟိုသည် ယခုလ ဇန်နဝါရီ ၂၄ရက်က စကန်သော့ပ်နှင့် ကစားခဲ့သည့် အက်ဖ်အေဖလားပြိုင်ပွဲတွင် ပထမဆုံး ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ရော်ဘင်ဟိုသည် ဘရာဇီးချန်ပီယံရှစ်ဖလားကို ဆန်းတို့စ်နှင့်အတူ နှစ်ကြိမ်ဆွတ်ခူးခဲ့သည်။ သူသည် ဆန်းတို့စ်အသင်းကို ၂၀၀၃ခုနှစ်က လစ်ဗာတာဒိုးရက်စ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲသို့ အရောက်ပို့ပြီး ရီရဲမက်ဒရစ်သို့ ထွက်ခွာခဲ့သည်။

(အင်တာနက်)

ဂျပ်စတင်းနှင့် ဆီရီနာ ဩစတြေးလျ အိုးပင်းဗိုလ်လုမည်

မဲလ်ဘုန်း ဇန်နဝါရီ ၂၉

ဂျပ်စတင်း ဟေနင်နှင့် ဆီရီနာဝီလျံတို့သည် ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲအဖြစ် ဇန်နဝါရီ ၃၀ရက်**(ယနေ့)**တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ချန်ပီယံ

ဂျပ်စတင်း ဟေနင်သည် နှစ်နှစ်ကြာ တင်းနစ်လောကမှ အနားယူခဲ့ပြီးနောက် ပထမဆုံးသော ဂရင်းဆလမ်ဖလား ဆွတ်ခူးရန် ဆန္ဒပြင်းပြလျက် ရှိသည်။ ထို့အတူ လက်ရှိ ချန်ပီယံ ဆီရီနာဝီလျံကလည်း စတုတ္ထအကြိမ်မြောက် ဩစတြေးလျ အိုးပင် ချန်ပီယံ ဆုဖလားဆွတ်ခူးရန် ပြင်ဆင်လျက်ရှိသည်။

ဂျပ်စတင်း ဟေနင်သည် ယင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးနိုင်ခဲ့လျှင် ယူအက်စ်အိုးပင်းဖလား ဆွတ်ခူးနိုင်ခဲ့သော ကင်ကလစ္စတားကဲ့သို့ အောင်မြင်သည့် ဘယ်လ်ဂျီယံတင်းနစ် ချန်ပီယံဖြစ်လာမည်ဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၃၀

ပိုလ်တထောင် အထက(၅) ပညာရည်ချွန်ဆုပေးမည်

၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသူများ၊ တိုင်း၊ မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရသူများ၊ ကျောင်းတွင်း ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုရသူများအား ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ရက် (စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲကျင်းပမည်

ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ Strand ဟိုတယ်၌ ဇန်နဝါရီ ၃၀ရက် (စနေနေ့) တွင် ကေအမ်ဒီ၏ နည်းပညာပြပွဲနှင့် အထူးဈေးရောင်းပွဲကို မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းရောင်းချပြသမည်ဖြစ်သည်။

အထက(၁) ဒဂုံ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ယခင် မက်သဒစ် အင်္ဂလိပ်ဟိုက်စကူးနှင့် အထက(၁)ဒဂုံတွင် ၁၉၅၄ မှ ၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများက ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို အဆိုပါကျောင်း ဒဂုံသီရိခန်းမ၌ ဖေဖော်ဝါရီ ၆ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပြွန်တန်ဆာအသင်း နှစ်ပတ်လည်အစည်းအဝေး

ပြွန်တန်ဆာအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့ မဟာဝိဇယစေတီအနီး ပို့ဆောင်ရေး ဝန်ကြီးဌာန ခန်းမ၌ ဖေဖော်ဝါရီ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည် ဖြစ်သည်။

စာပေစာနယ်ဇင်းအဖွဲ့ စာရေးနည်းအခြေခံသင်တန်း

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် စာရေးနည်းအခြေခံ လမ်းညွှန်သင်တန်းကို ဇန်နဝါရီ ၃၀ရက်(စနေနေ့) **(ယနေ့)** နံနက် ၉နာရီမှစ၍ ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်၌ ဖွင့်လှစ်၍ တစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။

မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကျင်းပ

မြန်မာ့ပန်းပုအနုပညာကို မြတ်နိုးသူ ဝါသနာရှင်များအတွက် မြန်မာ့အနုပညာနှင့် ပန်းပုအရောင်းပွဲတော်ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံပလာဇာ၌ ဖေဖော်ဝါရီ၃ရက် (ဗုဒ္ဓဟူးနေ့)အထိ နံနက် ၉နာရီမှ ည ၉နာရီအတွင်း ခင်းကျင်းပြသထားရာ မည်သူမဆို အခမဲ့ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ကြောင်း သိရသည်။

မနုဖြူအသင်း (ရန်ကုန်)သက်ကြီးပူဇော်ပွဲ

မနုဖြူမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ၃လမ်းရှိ အဘိဓမ္မရတနာ ဃရဓမ္မဗိမာန်၌ ဖေဖော်ဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ကျင်းပမည် ဖြစ်သည်။

မျှော်စင်ကျွန်း၌ ပါရမီရှင်အငြိမ့် ဖျော်ဖြေတင်ဆက်မည်

အနုပညာလောက၌ ၂၅နှစ်ကြာ ရှင်သန်လှုပ်ရှားခဲ့သော အကယ်ဒမီ ရုပ်ရှင် မင်းသမီး မေသန်းနု၏ ငွေရတုအထိမ်းအမှတ်အဖြစ် ပါရမီရှင်အငြိမ့် ဖျော်ဖြေပွဲကို ရုပ်ရှင်၊ ဂီတ၊ သဘင်မှ အနုပညာရှင်များဖြင့် ရန်ကုန်မြို့ ကန်တော်ကြီး မျှော်စင် ကျွန်း၌ ဇန်နဝါရီ ၃၀ရက် (စနေနေ့) ညနေ ၆နာရီခွဲတွင် ဖျော်ဖြေတင်ဆက်မည် ဖြစ်သည်။

အတိတ်၏အရိပ်ရုပ်ရှင် ရုံတင်ပြသမည်

ဒါရိုက်တာစင်ရော်မောင်မောင်ရိုက်ကူးပြီး သရုပ်ဆောင်သစ် အောင်သူရနှင့် အိန္ဒြာကျော်ဇင်တို့ခေါင်းဆောင်ပါဝင်သည့် အတိတ်၏အရိပ် ရုပ်ရှင်ဇာတ်ကားကို လာမည့် ဖေဖော်ဝါရီ ၅ရက် (သောကြာနေ့)တွင် ရုံတင်မည် ဖြစ်သည်။

စက်မှုတက္ကသိုလ် (မြို့ပြ) မြတ်ဆရာပူဇော်ပွဲ

၁၉၈၇-၁၉၉၁ခုနှစ် စက်မှုတက္ကသိုလ် (မြို့ပြ) ကျောင်းဆင်းများ၏ ပဉ္စမ အကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း (MES)ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ကွန်ပျူတာ(အခြေခံ)သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကွန်ပျူတာ (အခြေခံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဖွင့်လှစ်

အဆိုပါကွန်ပျူတာ(အခြေခံ)သင်တန်းကို e-Government အကောင်အထည်ဖော် ဆောင်ရွက်ရေးမူဝါဒနှင့်အညီ ကွန်ပျူတာပညာရပ်များကို အခြေခံမှစတင်၍ ကျွမ်းကျင်စွာ တတ်မြောက် အသုံးချနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန (နေပြည်တော်)မှ အရာထမ်း အမှုထမ်း၊ သင်တန်းသား သင်တန်းသူ ၂၀တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွန်ဟိန်း၌ ကျေးရွာစာကြည့်တိုက်များသို့ DTH စလောင်း ပေးအပ်လှူဒါန်း

ကွန်ဟိန်း ဇန်နဝါရီ ၂၉

ကွန်ဟိန်းမြို့နယ်တွင် DTHစလောင်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ရက် နံနက် ၁၀နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိုက်ဝေဖြိုးက အဖွင့်အမှာစကား ပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ ကွန်ဟိန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းသန္တာဦးက DTH စလောင်းပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းစဉ် (၅)ရပ်နှင့် စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ရှင်းလင်းဟောပြောသည်။ ထို့နောက် DTH စလောင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းသန္တာဦးက ပေးအပ်လှူဒါန်းရာ **(အောက်ပုံ)** ဝမ်ပန်ကျေးရွာ ဥက္ကဋ္ဌကိုယ်စား ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဝင်းမြင့်က လည်းကောင်း၊ ဖန်လန်းကျေးရွာဥက္ကဋ္ဌ၊ လိုက်ကမ်ကျေးရွာ ဥက္ကဋ္ဌနှင့် ကုန်းပေါင်းကျေးရွာ ဥက္ကဋ္ဌတို့ကလည်းကောင်း လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတကာအဆင့်မီ ကျောက်မျက်နှင့်လက်ဝတ်ရတနာများ ရောင်းဝယ်ရေးစင်တာ (ရန်ကုန်) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

နိုင်ငံတကာ အဆင့်မီ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ ရောင်းဝယ်ရေးစင်တာ(ရန်ကုန်) Jewelry Trade Center (Yangon) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် ညနေ ၅နာရီခွဲက ရန်ကုန်မြို့ရှိ ကန်တော်ကြီးပဲလေ့စ် ဟိုတယ်၌ ကျင်းပရာ **(အပေါ်ပုံ)** ကန်တော်ကြီး ပဲလေ့စ်ဟိုတယ် အထွေထွေမန်နေဂျာ Mr.Kennedy Ho က အရောင်းစင်တာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကန်တော်ကြီး ပဲလေ့စ်ဟိုတယ် အထွေထွေမန်နေဂျာ Mr. Kennedy Ho နှင့် တာဝန်ရှိသူများက ရောင်းဝယ်ရေးစင်တာ (ရန်ကုန်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စင်တာအတွင်းရှိ ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံတကာအဆင့်မီ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ ရောင်းဝယ်ရေးစင်တာ (ဗန်ကောက်) ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖွင့်လှစ်ထားပြီး ယခုအခါ မြန်မာနိုင်ငံ ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ လာရောက်ဖွင့်လှစ်ခြင်း ဖြစ်သည်။

ဝယ်ယူရောင်းချနိုင်

ကျောက်မျက်နှင့် လက်ဝတ်ရတနာများကို တစ်ဦးတစ်ယောက်တည်းက ရောင်းချခြင်းမျိုးမဟုတ်ဘဲ ရန်ကုန်မြို့ရှိ ရတနာကုန်သည်များအတွက် အရောင်းကောင်တာပေါင်း ၆၀ကို ငှားရမ်းဖွင့်လှစ်ထားပြီး ဖြစ်သည်။ အရောင်းစင်တာကို နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညစနာရီအထိ ဖွင့်လှစ်ထားမည့်အပြင် www.jewelry tradecenter.com ဝက်ဘ်ဆိုက်တင်ထားပြီး ကျောက်မျက်ရတနာများကို ၂၄ နာရီလုံး ကြည့်ရှုဝယ်ယူ ရောင်းချနိုင်ရန် စီစဉ်ထားသည်။

အသုံးပြုနိုင်

ထို့အပြင် အရောင်းစင်တာအတွင်း ၂၄ နာရီ လုံခြုံရေးစနစ် CCTV ကင်မရာများကို ထားရှိထားပြီး အင်တာနက်နှင့် အီးမေးလ်များလည်း ချိတ်ဆက်အသုံးပြုနိုင်သည်။

လာရောက်ရောင်းချသော ရတနာကုန်သည်များအတွက် သာမန်အားဖြင့် ရယူရန်ခက်ခဲသော ကျောက်မျက်ရတနာများ၏ အရည်အသွေး၊ အရွယ်အစားနှင့် အမျိုးအစားများ ခွဲခြားခြင်းဆိုင်ရာ အာမခံချက်များ၊ ရတနာများသွေးခြင်း၊ ပိုမိုကောင်းမွန်အောင် အရောင်တင်ခြင်းနှင့် စစ်ဆေးခြင်းများကိုပါ ဂျေတီစီ(ရန်ကုန်)က ဖြည့်စွက် ဆောင်ရွက်ပေးခြင်းဖြင့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးမည် ဖြစ်သည်။

ယုံကြည်စိတ်ချမှု

ဂျေတီစီ (ရန်ကုန်)တွင် လာရောက်ဝယ်ယူသူများအနေဖြင့် အခြားသူများထံမှ ဝယ်ယူရာ၌ မရရှိနိုင်သော ယုံကြည်စိတ်ချမှုများကို ရနိုင်မည်ဖြစ်ပြီး Gem Testing ၊ Gem Cutting နှင့် Polishing Service များအပြင် www.jewelry trade center.com တွင် ၂၄နာရီလုံး တင်ပြရောင်းချနိုင်ရန် ရတနာပစ္စည်းများ ဓာတ်ပုံရိုက်ကူးခြင်း (Gem Photos Service) ကိုလည်း အထူးကျွမ်းကျင်စွာ ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ဝယ်ယူဆက်သွယ်လိုပါက ဖုန်း-၂၄၉၂၅၅ မှ ၂၄၉၂၅၉အထိ လိုင်းခွဲအမှတ် ၅၁၁၅ နှင့် ၅၇၁၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက(၂) လမ်းမတော် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (မြမလာ) ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်၍ ကန်တော့ခံ ကျောင်းအုပ်ကြီးများ၊ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဖုန်း- ၀၉-၈၅-၁၆၁၉၉၊ ၂၂၈၁၀၄၊ ဦးကံကောင်း ဖုန်း-၀၉-၉၉-၂၃၅၂၈၊ ဦးစိန်ဝင်း ဖုန်း-၂၂၂၂၆၇၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း- ၀၉-၅၁-၃၉၀၈၉၊ ဦးကြင်စိန် ဖုန်း-၀၉-၈၆-၁၀၈၉၈၊ ၀၉-၈၀-၃၀၂၆၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်း ရရှိကြသည်။ **(သတင်းစဉ်)**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်းဘဏ်ခွဲ မန္တလေးမြို့ ဘဏ်ချေးငွေများ ကောက်ခံရေးညှိနှိုင်း

မန္တလေး ဇန်နဝါရီ ၂၉

မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်း၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ချေးခဲ့သော ၂၀၀၉ မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရေးနှင့် ကျေးလက်ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၄ရက် နံနက် ၉နာရီခွဲက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန္တလေးတိုင်း ဘဏ်ခွဲအစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွှမ်း တက်ရောက်၍ လုပ်ငန်းတာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ရေး ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

ဆွေးနွေးမှာကြား

အစည်းအဝေးတွင် ဦးဆောင်ညွှန်ကြားရေးမှူးက ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ဘဏ်ခွဲအသီးသီးမှ ထုတ်ချေးခဲ့သည့် ၂၀၀၉ မိုးရာသီဘဏ်ချေးငွေကျပ် ၁၀၂၆၉ ဒသမ၅၈သန်းကို ဖေဖော်ဝါရီလကုန်တွင် ရာခိုင်နှုန်းပြည့်ပြေကျေအောင် ကောက်ခံရရှိရေး၊ မြန်မာ့စီးပွားရေးဘဏ် ချေးငွေများ အမြန်ဆုံးပြေကျေရေး ဆောင်ရွက်သွားရန်နှင့် ဘဏ်ခွဲအလိုက် အသားတင် အမြတ်ဝင်ငွေ လျာထားချက်အတိုင်း ရရှိစေရေး၊ လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူရန် ဖွံ့ဖြိုးရေးချေးငွေများ ပိုမိုထုတ်ချေးရေး၊ ထုတ်ချေးငွေများအား အချိန်စေ့ရောက်သည့်အချိန် ပြေကျေအောင် ကောက်ခံရေး၊ ငွေကြေး အလွဲသုံးစားမှု၊ ငွေကြေးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဘဏ်လုပ်ငန်းဆောင်ရွက်မှုများဖြင့် ထိရောက်စွာ အထောက်အကူပြုရေး ဆွေးနွေးမှာကြားသည်။

(၁၁၃)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြိတ်မြို့၊ နောက်လယ်ရပ် ၆ လမ်းနေ
(ဦးထွန်းရင်)-ဒေါ်ပုတို့၏သားလတ်
မောင်သန်းထွဋ်ဝင်း B.A(Psyo)
နှင့်
ဘိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာနေ
ဦးတင်နွယ်-(ဒေါ်ခင်သိန်းမြင့်)တို့၏သမီး
မသင်ဇာနွယ် B.Sc(Maths)
တို့သည် ၂၆-၁-၂၀၁၀ ရက်တွင် Oriental House Restaurant ၌ နှစ်ဖက်သော မိဘဆွေမျိုးများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းထွဋ်ဝင်း-မသင်ဇာနွယ်။



အမြန်ဝယ်/ငှားလိုသည်

၁။ ယုဇနပလာဇာအနောက်ဘက် မင်္ဂလာမြို့တော်အိမ်ရာမြေကွက်များကို ဝယ်လိုသည်။
၂။ မြေကွက်နှင့် လုံးချင်းတိုက်ငှားလိုသည်။
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ရန်-
ဒေါ်ပန်းမာလာမြင့် ဖုန်း-၀၁-၃၉၇၆၄၉။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော် မောင်သန့်ဇော် ၁၂/သဃက(နိုင်)၁၃၆၇၆၂နှင့် ကျွန်မ ခိုင်မာဝင်း ၁၂/ ပဇတ(နိုင်)၀၂၉၁၅၂တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းကို နှစ်ဖက်သောမိဘနှင့် တရားသူကြီးရှေ့မှောက်တွင် ၂၉-၁-၂၀၁၀ ရက်၌ လက်မှတ်ရေးထိုးကွာရှင်းပြီးပါကြောင်း သိစေအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်း သည်းခံပါရန်။)
မောင်သန့်ဇော်-မခိုင်မာဝင်း။



ကျေးဇူးဆပ်ပါမည်

ကျွန်မ နွဲ့ယဉ်ဝင်း ၆/လလန(နိုင်) ၀၆၀၃၇၀၏ နိုင်ငံကူးလက်မှတ် ၉၁၃၂၀၁သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၆၈၉၅၉၅ သို့ အကြောင်းကြားပေးပါရန်။ **မနွဲ့ယဉ်ဝင်း။**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ဒုတိယ ညွှန်ကြားရေးမှူးချုပ်က သင်တန်းတွင် ပထမဆုရရှိသော ဦးအောင်ကျော်ဦး(အကြီးတန်းစာရေး-ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး၊ ရန်ကုန်တိုင်း)၊ ဒေါ်နှင်းယုလွင်(အကြီးတန်းစာရေး-ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ ရန်ကုန်တိုင်း)၊ ဒေါ်ခင်ဇာနည်ဝင်း(အငယ်တန်းစာရေး-ငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲ)တို့အား ဆုများချီးမြှင့်သည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် သင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(ပြည်တွင်းအခွန်)**

စာအုပ်၊ စာစောင်နှင့် သတင်းစာများလှူဒါန်းပွဲ လားရှိုးမြို့နယ် တာပုံကျေးရွာ၌ ကျင်းပ

လားရှိုး ဇန်နဝါရီ ၂၉

လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ တာပုံကျေးရွာ မူလတန်းလွန်ကျောင်းသို့ စာအုပ်၊ စာစောင်နှင့် သတင်းစာ၊ ဂျာနယ်များ လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ၂၇ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အဆိုပါအခမ်းအနားသို့ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတိုးဝင်း တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဝေ(ကောင်းညွန့်ဝေ-ရေစကြို)က လှူဒါန်းရခြင်းကိစ္စများ ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ဆက်လက်၍ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း အလှူရှင်များကိုယ်စား ခရိုင်ဥက္ကဋ္ဌ ဦးတိုးဝင်းကလည်းကောင်း၊ အားကစားပစ္စည်းများကို မွေးစားနို့လုပ်ငန်းမှ ဒေါက်တာမိုးကျော်သူကလည်းကောင်း၊ ကျောင်းစာကြည့်တိုက်အတွက် အလှူငွေကျပ် ၄၀၀၀၀ကို အလှူရှင်များကိုယ်စား နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးဒေါက်တာသန်းထိုက်ကလည်းကောင်း လှူဒါန်းရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီးက လက်ခံယူပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း လားရှိုးကိုယ်ပွားသတင်းစာတိုက်မှ သတင်းစာစောင်ရေ ၅၀၀နှင့်သုတ၊ ရသစာစောင်များကို တာဝန်ခံအရာရှိဦးဇော်လွင်မိသားစုကလှူဒါန်းရာ ကျေးရွာတာဝန်ရှိသူတစ်ဦးက လက်ခံယူခဲ့သည်။ *(လားရှိုးကိုယ်ပွား)*

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်း မူလတန်းကြိုကျောင်းပေါင်းစုံအားကစားပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၂၆ ရက်က ဗဟန်းမြို့နယ်ရှိ မူလတန်းကြိုကျောင်း အမှတ်(၁) အားကစားကွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး အားကစားပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (၁၂၃)

ဟင်နရီကစ်ဆင်းဂျား၏ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာ ကွပ်ကဲမှု စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၉

စာရေးဆရာ ခင်မောင်မြင့်(စစ်ကိုင်း) ပြုစုတင်ပြသည့် ဟင်နရီကစ်ဆင်းဂျား၏ နိုင်ငံတကာ ဆက်ဆံရေးနှင့် သံတမန်ရေးရာ ကွပ်ကဲမှုစာအုပ်ကို ဇန်နဝါရီ ၂၃ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်သည်။



ခင်မောင်မြင့် (စစ်ကိုင်း)သည် ၁၉၉၅ ခုနှစ်က သင်တန်းကျောင်းတစ်ခု၌ ဆရာများ၏ တာဝန်ပေးချက်အရ ကမ္ဘာကြီးငြိမ်းချမ်းပြီး စစ်ပွဲများချုပ်ငြိမ်းအောင် သံတမန်နည်းဖြင့်ဆောင်ရွက်ပေးနိုင်ခဲ့သော ဟင်နရီကစ်ဆင်းဂျားအကြောင်း စာတမ်းတစ်စောင် ရေးသားပြုစုခဲ့ပြီး ထိုစာတမ်းကို အများပြည်သူတို့အား ဖတ်ရှုစေလိုသော စေတနာဖြင့် ယခုကဲ့သို့ စာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ထုတ်ဝေ

အဆိုပါ ဟင်နရီကစ်ဆင်းဂျား၏ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာ ကွပ်ကဲမှု စာအုပ်ကို စီစဉ်သူအဖြစ် ခရမ်းစိုးမြင့်က ဆောင်ရွက်ပြီး စိန်ရတနာပုံနှိပ်တိုက်က ရိုက်နှိပ်၍ မြန်မာမြင့်စာပေက ထုတ်ဝေပြီး မြန်မာတစ်ပြည်လုံးသို့ နှင်းဆီလှိုင်စာပေ အမှတ်၁၉၂ အောင်တံခွန် ၄လမ်း ၂၉ ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၈၁၆၆၃၊ ၀၉-၅၀-၆၆၄၉၀က တာဝန်ယူ ဖြန့်ချိလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

ဒိုချက်ကင်မြေသြဇာပြုလုပ်ပုံ ဆင်ဘိုမြို့၌ သရုပ်ပြ

ဆင်ဘို ဇန်နဝါရီ ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့နယ် တောပင်လုံကျေးရွာ၊ ပင်တော်ကျေးရွာနှင့် မံကင်းကျေးရွာတို့သို့ ဇန်နဝါရီ ၁၅ ရက်နံနက် ၉ နာရီက ဆင်ဘိုမြို့ စိုက်ပျိုးရေး ကြီးကြပ်မှုတာဝန်ခံ ဦးသန့်ဇင်မျိုး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပြည်နယ်မန်နေဂျာ ဦးဇော်ဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုးစိုးသက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နွေစပါးလျာထားဧကေ ပြည့်မီအောင် စိုက်ပျိုးထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုကြသည်။

လက်တွေ့သရုပ်ပြ

ထို့နောက် ပင်တော်ကျေးရွာ၌ တောင်သူဦးကြီးများအား မြို့နယ်စိုက်ပျိုးရေး တာဝန်ခံဦးသန့်ဇင်မျိုးက ဒိုချက်ကင် ပြုလုပ်ပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါးရှိ ကျေးလက်ရေပေးရေး ရေတွန်းစက်များ လည်ပတ်မှုကို ဇန်နဝါရီ ၁၅ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးမျိုးအောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဧရာဝတီတိုင်း မြောင်းမြခရိုင် အိမ်မဲမြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသော ဝဲကြီးဝတံတား ဘိုးပိုင်တူးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၇ ရက်က မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြင့် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အင်ဂျင်နီယာ ဦးသိန်းဖေမြင့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒ

ဇီဝဗေဒဘာသာရပ်နဲ့ပတ်သက်လို့ မေးခွန်းအရေအတွက် မေးခွန်းအမှတ်(၁)ကနေ အမှတ်(၅)အထိ ရှိပါတယ်။ မေးခွန်းအမှတ်(၁)ကတော့ ပေးထားတဲ့ဖော်ပြချက် Statement ဟာအမှန် TRUE လား အမှား FALSE လား ဆိုတာ ရွေးပေးရတာဖြစ်ပါတယ်။ အဲဒီဖော်ပြချက်ကို စာပိုဒ်ထဲကစာသားအတိုင်း ရေးထားတာလဲဖြစ်ချင်ဖြစ်မယ်။ သို့မဟုတ် မေးခွန်းပြုစုတဲ့ ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ကိုယ်ပိုင်ဝါကျတည်ဆောက်ပြီး ရေးထားတာလဲဖြစ်နိုင်ပါတယ်။ အဲဒါကို မှန်မှန်ကန်ကန်ဖြေနိုင်ဖို့က ကျောင်းသူ၊ ကျောင်းသားက ပေးထားတဲ့ဖော်ပြချက်ကို သေသေချာချာ နားလည်အောင်ဖတ်ဖို့ လိုပါတယ်။ နားမလည်ဘဲနဲ့ရမ်းပြီး TRUE/ FALSE ရွေးရင်တော့ မှန်ဖို့၊ မှားဖို့ ၅၀% စီဆိုပေမယ့် အဲဒီရမ်းပြီးရွေးတာတွေက အမှတ်မရတဲ့ ရွေးတာတွေပဲ အများဆုံး ဖြစ်တတ်တာတွေ့ရပါတယ်။ TRUE/ FALSE တွေဟာ နားလည်သဘောပေါက်မှုကို ဦးစားပေးတာက ပထမဖြစ်ပါတယ်။ အဲ့ဒီအပေါ်မှာ အခြေခံပြီး ဝေါဟာရကြွယ်ဝမှုကိုလည်း ထည့်သွင်းထားပါတယ်။

ဥပမာ-Roots of most plant usually grow beneath the surface of the soil. ဆိုတဲ့ Statement ဟာ ပတ်ဝန်းကျင်ကိုသတိထားပြီး နားလည်နိုင်တဲ့ Statement ပါ။

Adventitious roots grow from any part of the plant body other than radicle. ဆိုတဲ့ Statement ကိုကြည့်ရင် Adventitious roots နဲ့ Radicle ဆိုတဲ့ ဘာသာရပ်ဆိုင်ရာ ဝေါဟာရတွေကို သိထားဖို့လိုပါတယ်။ အဲဒီလို ဘာသာရပ်ဆိုင်ရာ ဝေါဟာရတွေကိုလဲ စာအုပ်ထဲမှာ စာလုံးထူအမည်းနဲ့ဖော်ပြထားလို့ သေသေချာချာ လေ့လာထားစေချင်ပါတယ်။ TRUE နဲ့ FALSE ရွေးချယ်ဖို့ Statement တွေဟာလည်း Chapter တိုင်းက ပါတတ်တာဖြစ်လို့ (၂)မှတ်၊ (၄)မှတ်နဲ့ (၈)မှတ်တန်မေးခွန်းတွေမှာလို အခန်းအလိုက် ပိုင်းကျက်လို့မရပါဘူး။ (၃)ခန်းလောက်လွှတ်ပြီး ကျက်လိုက်တာနဲ့ ဒီ TRUE/FALSE -ဓမ္မဒိဋ္ဌာန်မေးခွန်းမှာ (၅)မှတ်ကနေ (၆)မှတ်ထိ နစ်နာသွားမှာပဲ။ ကြီးမားတဲ့ဆုံးရှုံးမှုပါ။ Statement တစ်ခုမှာပါတဲ့ ဝေါဟာရတစ်ခုကို မှားတဲ့ ဆင်တူယိုးမှား ဖြစ်တဲ့ ဝေါဟာရနဲ့ဖလှယ်ပြီး ပြောင်းပစ်လို့ရပါတယ်။

ဥပမာ- The point on a stem from which a leaf develop is called internode or

The buds found in the leaf axils are termed as terminal buds.ဆိုတာမျိုးတွေဖြစ်တယ်။

နောက်တစ်မျိုးကတော့ Statement ရဲ့ဆိုလိုချက်ကို တိုက်ရိုက်အမှား ဖော်ပြချက်ပြောင်းပစ်လိုက်တာမျိုးပါ။

ဥပမာ- The leaf is usually green due to the absence of the pigment, chlorophyll.

Adventitious roots do not develop from the radicle.

ကွက်လပ်ဖြည့် Completion ကိုဖြေရမယ့်မေးခွန်းအတွက်ကလည်း အမှန် TRUE နဲ့ အမှား FALSE ရွေးခိုင်းတဲ့ မေးခွန်းလိုပါပဲ။ ဖော်ပြထားတဲ့စာကြောင်းရဲ့အဓိပ္ပာယ်ကိုလည်း နားလည်ရမယ်။ ပေးထားတဲ့ကွက်လပ်ကို ဖြည့်ရမယ့် စာလုံးကိုလည်းသိပြီး စာလုံးပေါင်းမှန်အောင်လည်း ဖြည့်ပေးရပါမယ်။ ဒါကြောင့်သူ့ကို မှန်မှန်ကန်ကန် ဖြေနိုင်ဖို့က TRUE သို့မဟုတ် FALSE ရွေးပေးတာထက်ပိုပြီး တိကျမှုရှိလာပါတယ်။ အဲဒါကတော့ စာလုံးပေါင်း Spelling မှန်ကန်မှုပါ။ ဒီကွက်လပ်ဖြည့်ကိုလည်း ဝေါဟာရဆိုင်ရာ Terminology terms တွေထဲက အများဆုံး ရွေးထားတာဖြစ်လို့ ပြဋ္ဌာန်းစာအုပ်ထဲက စာလုံးထူအမည်းနဲ့ဖော်ပြထားတဲ့ Terms တွေကို သေသေချာချာ လေ့လာ ကျက်မှတ်စေချင်ပါတယ်။ ကွက်လပ်ဖြည့်ဖို့ဖော်ပြချက်တွေဟာလဲ အခန်းတိုင်းက ပါတတ်တာဖြစ်လို့ နစ်နာမှုက TRUE / FALSE လိုပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုနစ်နာမှုမျိုးမရှိအောင် အခန်းတိုင်းကို သေသေချာချာ ကျက်မှတ် စေချင်ပါတယ်။ မေးခွန်း(၁)က မှန်/မှား ရွေးတာနဲ့ (၁)မှတ်၊ မေးခွန်း(၂)က စာလုံးလေးတစ်လုံး ရွေးလိုက်တာနဲ့ (၁)မှတ် ဆိုတာ အရှုံးအမြတ်ကြည့်ပြီးပြောရင် တော်တော်တန်ပါတယ်။ မေးခွန်းတို/ မေးခွန်းရှည်တွေဖြေရင် ဒီလို (၁)မှတ်ရဖို့ စာကြောင်းတွေရေးရတာပါ။ သိပ္ပံအမည်များအောက် မျဉ်းသားဖို့မမေ့ပါနဲ့။

(၂)မှတ်တန်မေးခွန်းများကို ဖြေဆိုရာတွင် ကျောင်းသား/ကျောင်းသူများအနေဖြင့် မေးခွန်းကို သေချာစွာ နားလည် သဘောပေါက်အောင်ဖတ်ပြီးမှ လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်ပါတယ်။ မေးထားတဲ့မေးခွန်းကို တိကျစွာ ဖြေဆိုမှသာ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

ဥပမာ- Give an equation to show alcohol fermentation.လို့မေးရင်Anaerobic equation ကိုသာ ဖြေဆိုရမှာ ဖြစ်ပါတယ်။

List the functions of the leaves လို့မေးရင် - Food manufacture
Exchange of gases
Respiration
Transpiration လို့ဆိုပြီး အစဉ်လိုက်ရေးပြီး ဖြေဆိုရမှာ ဖြစ်ပါတယ်။

(၄)မှတ်တန်နှင့် (၈)မှတ်တန်မေးခွန်းများ ဖြေဆိုရာတွင်လည်း မေးခွန်းမှာပေးထားတဲ့ အကြောင်းအရာများကို တိကျစွာဖြေဆိုရမှာဖြစ်ပါတယ်။ Text ထဲမှာပါတဲ့ Table များကို သေသေချာချာ ခေါင်းစဉ်နဲ့တကွ ကျက်စေချင်ပါတယ်။ Tabulate လို့ မေးရင်တော့ Table နှင့် ဖြေရမှာဖြစ်ပါတယ်။ Tabulate လို့ မမေးဘဲ အကြောင်းအရာကို ထုတ်နုတ်မေးတတ်ပါတယ်။ Cycle တွေ အကြောင်းမှာလည်း ထိုနည်းတူစွာပါပဲ။ မေးချင်တဲ့အပိုင်းတစ်ခုစီကို ထုတ်နုတ်မေးတတ်တာဖြစ်လို့ မေးထားတဲ့အပိုင်းကို တိကျစွာဖြေဆိုမှသာ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။ အခန်း(၁၁)မှာပါတဲ့ Genetic ပုစ္ဆာများကိုဖြေဆိုရာတွင် ဖတ်စာအုပ်မှာပါတဲ့အတိုင်း Parents, Gametes, F_1 Generation, Genotype, Phenotype စသည်ဖြင့် အဆင့်ဆင့်ဖော်ပြရမှာဖြစ်ပါတယ်။ အဆင့်တစ်ခုစီအတွက် အမှတ်ပေးထားတာဖြစ်လို့ သတိထားဖို့လိုပါမယ်။ သင်ခန်းစာ အစမှအဆုံးရှိတဲ့ပုံတွေကို ဆွဲပြီး လေ့ကျင့်စေချင်ပါတယ်။ အညွှန်း Labels များကိုလည်း စာလုံးပေါင်းမှန်အောင်ကျက်မှတ်ပြီး ဖြေဆိုရမှာဖြစ်ပါတယ်။ Caption လို့ခေါ်တဲ့ ပုံခေါင်းစဉ်များကိုလည်း မှန်ကန်အောင် ဖြေတတ်ဖို့လိုပါတယ်။ ပုံများကို ဖြေဆိုရာတွင် ပုံမှာ ဖျက်ရာနည်းနိုင်သမျှ နည်းပြီး တူအောင်ဆွဲရပါမယ်။ သပ်သပ်ရပ်ရပ်ရှိရပါမယ်။

တက္ကသိုလ်ဝင်တန်းဖြေဆိုရမယ့်ကျောင်းသား/ကျောင်းသူများအနေဖြင့် မေးခွန်းဟောင်းများကို သေချာစွာ လေ့လာစေချင်ပါတယ်။ ဒါမှသာ ဘယ်လိုမေးရင် ဘယ်လိုဖြေရမယ်ဆိုတာ သိရှိမှာဖြစ်ပါတယ်။

ဆက်လက်ပြီး Objective နမူနာပုံစံတချို့ကို လေ့လာကြည့်ရအောင်

TRUE / FALSE STATEMENTS CAN BE TRUE OR FALSE

NOTE – Statements can be as in text or own constructed statements with similar meaning as given in the text.

EXAMPLES

1.Oxygen is released during photosynthesis of green plants. (TRUE)
2.Green plants release carbondioxide during photosynthesis. (FALSE)
3.During photosynthesis non green plants release oxygen. (FALSE)
4.Green plants need carbondioxide during photosynthesis. (TRUE)
5.Primary roots are positively geotrophic. (TRUE)
6.Generally roots are negatively phototrophic and grow towards the light. (FALSE)
7.Breast-feeding ensures close contact between mother and baby. (TRUE)

COMPLETION

NOTE: Completion statement is always a true statement with a blank for the students to give the required word.

1.The fore legs of rabbit are smaller than the —— legs consisting of five digits. (hind)
2.The fore legs of rabbit are smaller than the hind legs consisting of —— digits. (five)
3.The fore legs of rabbit are smaller than the hind legs consisting of five ——. (digits)
4.The —— legs of rabbit are smaller than the hind legs consisting of five digits. (fore)
5. The —— of the placenta is for nourishment and respiration of the embryo. (function)
6.The function of the placenta is for —— and respiration of the embryo. (nourishment)
7.The function of the placenta is for nourishment and —— of the embryo. (respiration)
8.The function of the —— is for nourishment and respiration of the embryo. (placenta)
9.The function of the placenta is for nourishment and respiration of the ——. (embryo)

အမှန်တကယ်တော့ Biology Chapter – I to V မှ နောက်ပိုင်း Chapter များဟာ Chapter – I to V ကိုသာ ကျေကျေညက်ညက် ကျက်မှတ်ထားကြမယ်ဆိုရင် ကျန် Chapters များကို ဆက်စပ်ပြီးကျက်မှတ်သွားနိုင်ကြပါလိမ့်မယ်။ ဆက်စပ်တွေးခေါ်တတ်ဖို့တော့လိုတယ်။ ဒါကြောင့် ဆရာ့အနေနဲ့ သတိပေးလိုတာကတော့ Chapter – I to V ကို အဓိပ္ပာယ်ရှိရှိ သဘောပေါက်နားလည်အောင်ကျက်မှတ်ပြီး ကျန် Chapters များကိုလည်း ဆက်စပ်တွေးခေါ်ကျက်မှတ်ကြပါ။ ဒီလိုကျက်မှတ်မယ်ဆိုရင် အခုဖော်ပြသွားတဲ့ မေးခွန်းပုံစံကို ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ခက်ခဲမှုမရှိဘဲ လွယ်ကူစွာကျက်မှတ်သွားနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ဒီလိုဆိုရင် ကျောင်းသူ၊ ကျောင်းသားတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့အတိုင်း ဂုဏ်ထူးအမှတ်များရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biology သင်ခန်းစာသိကောင်းစရာ ဟောပြောချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။

ရခိုင်ပြည်နယ် ဝမြို့နယ် ရဲတပ်ဖွဲ့စခန်း၌ သက်သေခံပစ္စည်းများ ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်ကျော်ဦးက အမှုဖော်ထုတ်ခဲ့ရခြင်းနှင့် သိမ်းဆည်းရမိပစ္စည်းများ ပြန်လည်ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားစဉ်။ (၁၂၇)

သိုင်းချောင်းမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးသိန်းလွင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့နယ် မြို့မဈေးအပေါ်ထပ်ခန်းမ၌ ဇန်နဝါရီ ၁၉ရက်က စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းဝင်းက ဈေးသူဈေးသားများအား မှုခင်းပညာပေးဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

■ ဆူပူအကြမ်းဖက်မှုကို မလိုလား။

■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွန်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျွန်းလှမြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးပြီး ဒေသဆန်ဖူလုံပိုလျှံရေး သဖန်းဆိပ်ရေလှောင်တမံကြီး တည်ဆောက်ခဲ့ ရေလှောင်တမံကြီး အကျိုးပြုမှုကြောင့် စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်စေ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွန်းလှမြို့ ဖွံ့ဖြိုးမှုကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၂၉

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❒

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒ ဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။